ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ပထမဝါဆိုလဆန်း(၁)ရက်၊ ကြာသပတေးနေ့၊ (17-6-2004) (၄၂၆၇)

ပုဇ္ဇေ စ ကတ ပုညတာ တေံ မင်္ဂလ မုတ္တမံ။

ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

မိုးအသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စီးပွားရေးကဏ္ဍ၌ ပုဂ္ဂလိကများ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှု ပိုမို ကျယ်ပြန့်လာလယ်ယာကဏ္ဍနှင့်အတူ စက်မှုကဏ္ဍပါ တစ်ပါတည်းဖွံ့ဖြိုးလာအောင်အားပေးလျက်ရှိ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ စိုက်ပျိုးရေးကဏ္ဍသာမက ကဏ္ဍစုံမှ ဟန်ချက်ညီစွာ တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျစီမံလုပ်ကိုင်နေ

ရန်ကုန် ဇွန် ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့လိုက်ပါလျက် ဇွန် ၁၄ ရက် နံနက် ၈ နာရီတွင် မုံရွာမြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လေးခိုင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လူနာခန်း၊ ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကြည့်ရှု လူနာခန်း၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်လေးခိုင်က မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး၏ တည်နေရာနှင့် အဆောက်အအုံများ၏ အကွက်ချပုံစံ၊ ကုသရေးလုပ်ငန်းနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးကို ဆေးရုံအင်္ဂါရပ်နှင့် ညီညွတ်စေရန် ရွေးချယ်သတ်မှတ်ပေးသည့်အတိုင်း ပြုပြင်မွမ်းမံဖွယ်ရာများ၊ တိုးချဲ့ဆောက်လုပ်ဖွယ်ရာများကို အပိုင်းလိုက်တည်ဆောက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ ရွှေဟောင်းမြန်မာစာပေရေးရာ ဌာနသို့ ရောက်ရှိကြရာ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိမ်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေဟောင်းမြန်မာစာပေရေးရာဌာန အဆောက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန် ၁၄ ရက်က မုံရွာမြို့ ရွှေဟောင်းမြန်မာစာပေရေးရာဌာန အဆောက်အအုံအတွင်းခင်းကျင်းပြသထားမှုများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror
၁၇-၆-၂၀၀၄
(ကြာသပတေးနေ့)

ရေမြေအခြေအနေကောင်းများ အသုံးပြု ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှမျှတတဖွံ့ဖြိုးရေး၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ကွာဟနေမှုများ လျော့နည်းပြီး တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာရေးတို့အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

အမျိုးသားစီးပွားရေး ရှင်သန်ဖွံ့ဖြိုးရေးတွင် စီးပွားရေးအခြေခံ အဆောက်အအုံများ တောင့်တင်းခိုင်မာရေးသည် ပင်မလိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံများကိုချမှတ်၍ ကဏ္ဍအလိုက် လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

တနင်္သာရီတိုင်းသည် တည်နေရာအနေအထားအရ ရေသယံဇာတ၊ မြေသယံဇာတများကို ဖော်ထုတ်အသုံးချနိုင်ရန် အခြေအနေကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။ မြေလွတ်၊ မြေရိုင်းများစွာရှိ၍ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်သည်။ ထို့အပြင် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများစွာရှိသည်။

တောင်သူလယ်သမားများက စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု မြင့်မားလာစေရေးအတွက် ကြိုးပမ်းကြရန်လိုအပ်သည်။ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းများအလိုက် စိုက်ပျိုးရေးလုပ်ငန်းများကို အထူးဝါယမစိုက်ထုတ်ကြိုးပမ်းလျက်ရှိရာ ယခင်ကာလများက ဒေသဆန်ဖူလုံမှုမရှိခဲ့သည့် ပြည်နယ်အချို့သည်ပင် ယခုအခါ ဒေသဆန်ဖူလုံရုံမျှမက ပိုလျှံထွက်ရှိလာသည်ကို တွေ့ရသည်။

ရေမြေရာသီဥတုကောင်းမွန်သော တနင်္သာရီတိုင်းအနေဖြင့် ဒေသဆန်ဖူလုံရေးကို အလေးထား၍ စိုက်ပျိုးကြရန် လိုအပ်သည်။ ဆန်စပါးကိုသာမက ရေမြေဒေသနှင့် ကိုက်ညီဖြစ်ထွန်းသည့် သီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။

တနင်္သာရီတိုင်း၏ ရေမြေသည် ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းသော ရေမြေအမျိုးအစားဖြစ်သည်။ အထူးသဖြင့် မြိတ်နှင့် ကော့သောင်းအကြားတွင် ပိုမိုအောင်မြင်ဖြစ်ထွန်းနိုင်သည်။ နိုင်ငံတော်က စားသုံးဆီဖူလုံပိုလျှံစေရေးအတွက်ဆီအုန်းဧက ငါးသိန်းစိုက်ပျိုးနိုင်ရေး လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များလိုက်ပါလျက် တနင်္သာရီတိုင်းခရီးစဉ်အတွင်း ဇွန်လ ၆ ရက်နေ့က ဘုတ်ပြင်းမြို့နယ် ဝါးဒင်းရှိတနင်္သာရီတိုင်း ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း ယုဇနေ(၂) ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်း၊ ဘုတ်ပြင်း–ကော့သောင်းလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေနှင့် လမ်းတစ်လျှောက် ဆီအုန်းစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်သူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ယခုအခါ တနင်္သာရီတိုင်းတွင် တိုင်းရင်းသားစီးပွားရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များက လူအင်အား၊ စက်ယန္တရားများဖြင့် ဆီအုန်းများစိုက်ပျိုးလျက်ရှိသည်။ သာဓကအားဖြင့် ယုဇနကုမ္ပဏီအနေဖြင့် ကရသူရိမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်၊ ကော့သောင်းမြို့နယ်နှင့် ခမောက်ကြီးမြို့နယ်တို့တွင် ဆီအုန်းစုစုပေါင်းဧက တစ်သိန်းလျာထား သတ်မှတ်စိုက်ပျိုးလျက်ရှိသည်။ ၂၀၀၃–၂၀၀၄ ခုနှစ်အထိ ဧက ၇၈၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး ယခု ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ဧက ၆၀၀၀ စိုက်ပျိုးပြီးစီးရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

တနင်္သာရီကမ်းရိုးတန်းဒေသသည် ရေသယံဇာတပေါများကြွယ်ဝသဖြင့် ပင်လယ်ပြင်ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများကိုသာမက ပုစွန်မွေးမြူရေး၊ ကျောက်ငါးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ တောင်သူလယ်သမားများနှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များက မိမိတို့ဒေသ၏ သဘာဝသယံဇာတရေမြေအခြေအနေပေးမှုများကို အပြည့်အဝအသုံးချပြီး ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးသန်းအောင် မန္တလေးတိုင်း တံတားဦးမြို့နယ်နှင့် ငါန်းဇွန်မြို့နယ် အခြေခံပညာကျောင်းများ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၆

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၁၄ရက် နံနက်ပိုင်းတွင် တံတားဦးမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်များသို့ရောက်ရှိပြီး အခြေခံပညာကျောင်းများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးသည်။ ရှေးဦးစွာ ဝန်ကြီးသည် တံတားဦးမြို့နယ် မြင်းသည်အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ ကျောင်းအတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။ (အပေါ်ပုံ)

ထို့မှတစ်ဆင့် တံတားဦးမြို့နယ် ငွေးကုန်းကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်း၏ သင်ကြားမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ် ဆရာမကြီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ငါန်းဇွန်မြို့နယ် ဂျိုရွာအခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီးကျောင်းအုပ်ဆရာကြီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားစီစဉ်ပေးသည်။

ထို့နောက် ငါန်းဇွန်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး အောင်ဆန်းခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထွေးနှင့် မြို့နယ်ပညာရေးမှူး ဦးစန်းမြင့်တို့၏ ပညာရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး ဝန်ကြီးက အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ် စီမံကိန်းကာလအတွင်း ဆောင်ရွက်ထားရှိခဲ့သည့် အခွင့်အလမ်းပွင့်၊ အရည်အချင်းမြင့်၊ ပညာခက်ဖြာ လေးနှစ်တာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်း၏ မာလ်တီမီဒီယာခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးပြီး Learning Centre များနှင့် မာလ်တီမီဒီယာခန်းများကို ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးပြုကြရေး မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ကျောင်းသား၊ ကျောင်းသူများကို ဗလာစာအုပ်နှင့် ခဲတံများ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

ပဲခူးမြို့ကြခတ်ဝိုင်းစာသင်တိုက်၌ ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇွန် ၁၆

ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက်၏ ပဓာန နာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ ကြခတ်ဝိုင်းဆရာတော် ဘဒ္ဒန္တဇောတိပါလအမှူးပြုသည့် စာသင်စာချ သံဃာတော်အပါး ၁၀၆၀ကျော်တို့အား လာမည့် ဩဂုတ် ၁ရက်တွင် ကြခတ်ဝိုင်းစာသင်တိုက်၌ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သဖြင့် ဝါဆိုသင်္ကန်းနှင့် ဆွမ်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လိုသူများသည် ကြခတ်ဝိုင်း သာသနာပြုအသင်း ဖုန်း–၀၅၂–၂၁၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၁၆

မော်လမြိုင်ကျွန်းမြို့နယ်အသင်း (ရန်ကုန်)က မော်ကျွန်းနွယ်ဖွား တိပိဋကပါဠိပါရဂူ တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ အမှူးပြုသော သံဃာတော်အပါး ၆၀ ကျော်တို့အား သတ္တမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့်၁၂ နာရီအထိ သစ်လုပ်ငန်း ဓမ္မာရုံ ရွှေတိဂုံဘုရားလမ်းတွင် ကျင်းပမည်ဖြစ်ရာ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် အသင်းဝင်သားသမီးများ စာရင်းပေးရန်နှင့် လှူဒါန်းလိုသူများ ဦးသိန်းလှိုင် ဖုန်း–၂၂၀၆၁၉၊ ဦးသောင်းညွန့် ဖုန်း–၂၅၀၇၃၄၊ ဒေါက်တာမောင်သိန်း ဖုန်း–၅၄၄၇၁၈၊ ဦးစိုးပိုင် ဖုန်း–၃၇၅၆၈၀၊ ဦးစိုးမြင့်ဖုန်း–၂၂၇၂၂၇ နှင့် မြို့နယ်အသင်း ဖုန်း–၂၁၁၂၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(က–ပ)

ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့

* ကောင်းကင်ယံ မိုးတိမ်လိပ်
တရိပ်ရိပ် ပြေးလွှားနေ။
မြန်မာ့မြေ နိမိတ်ကောင်း
အောင်ကြောင်းသာပေ။
တိုင်းရင်းသားနှောင်ညီဆွေ
စုံညီပေ ပေါင်းစုဝေး။
ရွှေညီလာ အောင်စခန်း
မြန်းကြပြီလေး။

* ရွှေညီလာအောင်စခန်း
ပြုံးပန်းတို့ လှိုင်လှိုင်ဝေ။
မြန်မာ့မြေ မြန်မာ့အရေး
ဆွေးနွေးကြပေ။
ညီညွတ်မှု အားမာန်တွေ
ကဲဆင့်ဝေ မြန်မနေး။
စည်းလုံးညီ သာဓကေ
ပြကြပြီလေး။

* စည်းလုံးညီ သာဓကေ
ဖြိုးကြွဘိ သိရ်သရေ။
ဖွဲ့စည်းပုံ ဥပဒေသစ်
တွန်းလှစ်ဖို့လေ။
လက်ချင်းယှက် မပျက်တမ်းပေ
ခိုင်စေကွယ့် သားချင်းများ။
မြန်မာ့မြေ မြန်မာ့အရေး
လေးနက်ဘိတကား။

* မြန်မာ့မြေ မြန်မာ့အရေး
မြန်မာ့သွေး မြန်မာ့အခြေ။
မြန်မာ့စဉ်လာ မြန်မာ့ဓလေ့
တို့မွေ့ကြပေ။
တိုင်းတစ်ပါး ထိုးနှက်စေ
မမှုပေ ဂရုမထား။
တို့လမ်းစဉ် တို့သာပြု
ပေါင်းစုစွမ်းအား။

* တို့လမ်းစဉ် တို့သာပြု
ညီညွတ်မှု အခြေတည်။
အောင်ပန်းတိုင် သာစခန်း
တို့မြန်းကြမည်။
မူဝါဒ ဆင့်ကာစီ
ချီပါစို့ ညီနှောင်ဖွား။
ဒီမိုကရေစီနိုင်ငံတော်သစ်
ထွန်းသစ်မည်တကား။ ။

(အမျိုးသားညီလာခံကိုဂုဏ်ပြုလျက်)

မောင်ခိုင်ကျော် (ကျောက်ဆည်)

အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်သည့် နည်းလမ်းများကို ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ် အတည်ပြုခဲ့

ဝါရှင်တန် ဇွန် ၁၄

အမေရိကန် ကာကွယ်ရေးဝန်ကြီးရမ်းစဖဲလ်က အကြမ်းဖက်သမားများဟု သင်္ကာမကင်းသူများအား စစ်ဆေးမေးမြန်းရာတွင်အသုံးပြုသည့်နည်းစနစ်များကို အတည်ပြုထားကြောင်း မှတ်တမ်းတစ်ခု၌ တွေ့ရသည်။ ဂွာတာနာမို အကျဉ်းစခန်းမှ အမေရိကန်စစ်ဆေးသူများအနေဖြင့် အကျဉ်းသားများကို လေးနာရီကြာ မသက်မသာအနေအထားဖြင့် ထားရှိနိုင်ခြင်း၊ ဦးခေါင်းကို ဖုံးအုပ်ခြင်း၊ နာရီ ၂၀ကြာ ဆက်တိုက်စစ်ဆေးမေးမြန်းခြင်းများကို ပြုလုပ်ခွင့်ပေးထားသည်။

အတည်ပြု

၂၀၀၂ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ပထမအကြိမ်နှင့် ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၈ရက်တွင် ဒုတိယအကြိမ် အတည်ပြုလိုက်သည့်မှတ်တမ်းတွင် အကျဉ်းသားများအား ခွေးဖြင့်ခြောက်လှန့်ခြင်းနှင့် ကိုယ်ထိ လက်ရောက်မှုမျိုးကိုလည်း ကျူးလွန်ခွင့်ပေးထားသည်ကို တွေ့ရကြောင်း ဝေါစထရိဂျာနယ်သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြထားသည်။

ငြင်းဆို

၂၀၀၃ ခုနှစ် ဧပြီလတွင် ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ် အတည်ပြုသည့် စုံစမ်းစစ်ဆေးရေး နည်းစနစ်အသစ်တွင် နည်းလမ်းပေါင်းမည်မျှရှိသည်ကို ကာကွယ်ရေးဌာနကထုတ်ပြောရန်ငြင်းဆိုသည်။ ထိုနည်းစနစ်များမှာ ဂွာတာနာမိုအကျဉ်းစခန်း၌ အသုံးပြုနေဆဲဖြစ်သည်ဟု အရာရှိများကပြောဆိုကြောင်းသတင်းစာ က ဖော်ပြသည်။

ထိုစုံစမ်းစစ်ဆေးရေး နည်းများကို အီရတ် သို့မဟုတ် အခြားနေရာများမှ စစ်အကျဉ်း စခန်းများ၌ အသုံးပြုခြင်းရှိ၊ မရှိ အထင်အရှားမသိရပေ။

စစ်ဆေးမေးမြန်း

သို့သော် အီရတ်နိုင်ငံ အဘူဂါရိပ် အကျဉ်းစခန်းမှ ယခုနှစ်ထုတ်ပြန်သည့် လက်တွေ့ စစ်ဆေးမေးမြန်းမှု အချို့မှာ ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ် အတည်ပြုပေးထားသည့် ၂၀၀၂ ခုနှစ် ဒီဇင်ဘာက ဂွာတာနာမို စစ်ဆေးမေးမြန်းနည်းများနှင့် ဆင်တူနေကြောင်းဖြင့် သတင်းစာက ရေးသားဖော်ပြသည်။

အမ်အင်အေ၊ပီတီအိုင်။

စုရုံးရောက်ရှိ

ဇွန် ၁၄ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲရာသို့ စုရုံးရောက်ရှိလာသည့် အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့၌ အသေခံကားဗုံးဖောက်ခွဲ ကန်လျှပ်စစ်လုပ်ငန်းမှ ဝန်ထမ်းငါးဦး သေဆုံး

နယူးယောက် ဇွန် ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အသေခံကားဗုံး ဖောက်ခွဲမှုဖြစ်ပွားရာတွင် သေဆုံးခဲ့သည့် လူငါးဦးမှာ အမေရိကန် အထွေထွေလျှပ်စစ်ကော်ပိုရေးရှင်းမှ ဝန်ထမ်းများဖြစ်ကြောင်း ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဝန်ထမ်းသုံးဦးမှာ အမေရိကန် အထွေထွေလျှပ်စစ်ကော်ပိုရေးရှင်းမှ ဖြစ်ပြီး အခြားနှစ်ဦးမှာ အီရတ်နိုင်ငံရှိ ၎င်းကုမ္ပဏီအဖွဲ့မှ လုံခြုံရေးဝန်ထမ်းများ ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

သေဆုံးသွားသူများသည် မည်သည့်နိုင်ငံသားများမှန်း မသိသေးကြောင်းနှင့် အခြားအသေးစိတ် အချက်အလက်များ မရရှိသေးကြောင်း ပြောရေးဆိုခွင့်ရှိသူ ရှက်ဖာက ပြောကြားသည်။

ဆောင်ရွက်ထား

အဆိုပါ ကုမ္ပဏီက ဝန်ထမ်းများနှင့် အီရတ်နိုင်ငံတွင် ကုမ္ပဏီအတွက် ပံ့ပိုးလုပ်ဆောင်နေသူများအတွက် အထူးလုံခြုံရေးအစီအစဉ်များ ဆောင်ရွက်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိမိတို့အနေဖြင့်အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ဆက်လက်ဆောင်ရွက်ရန် တာဝန်ယူထားကြောင်း ရှက်ဖာက ပြောကြားသည်။

ဒုတိယအကြိမ်

အမေရိကန်စစ်ဖက်ယာဉ်တန်း ဖြတ်သန်းသွားလာစဉ် ဗုံးပေါက်ကွဲမှုကြောင့် လူ ၁၃ ဦးထက်မနည်း သေဆုံးခဲ့ရာငါးဦးမှာ ပြည်ပမှ ကန်ထရိုက်လုပ်ငန်းရှင်များဖြစ်ကြောင်း ဘဂ္ဂဒက်ရှိ အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ယင်းပေါက်ကွဲမှုသည် အီရတ်မြို့တော် ဘဂ္ဂဒက်တွင် ၂၄ နာရီအတွင်း ဒုတိယအကြိမ်မြောက် ဖြစ်ပွားခဲ့သည့် အသေခံဗုံးပေါက်ကွဲမှုပင်ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်၌ အချုပ်အခြာအာဏာလွှဲပြောင်းရန်နီးကပ်လာချိန်တွင် ခုခံတိုက်ခိုက်မှုများ နေ့စဉ်တိုးပွားလျက်ရှိ

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်ကြားဖြတ်အစိုးရထံသို့ အချုပ်အခြာအာဏာကို ဇွန် ၃၀ရက်၌ လွှဲပြောင်းမပေးအပ်မီ အီရတ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားနေစဉ်မှာပင် ၂၄ နာရီအတွင်း ကားဗုံးပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားရာ လူ ၂၀ဦးခန့်သေဆုံးခဲ့သည်။

လုပ်ကြံခံရ

ဗုံးဖောက်ခွဲမှုများ၊ စိန်ပြောင်းနှင့်ရော့ကက်ဒုံးကျည်များဖြင့် ပစ်ခတ်မှုနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ ဖျက်ဆီးမှုနှင့်အတူ အီရတ်ကြားဖြတ်အစိုးရ၏ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦး လုပ်ကြံခံရမှုစသည့်တိုက်ခိုက်မှုများသည် အီရတ်ကြားဖြတ်အစိုးရက အီရတ်နိုင်ငံကို အုပ်ချုပ်ရန် အချိန်နီးကပ်နေစဉ်မှာပင် အီရတ်တိုက်ခိုက်ရေးသမားများက အရှိန်အဟုန်မြင့် တိုက်ခိုက်နေခြင်းကိုပြသလိုက်ခြင်းဖြစ်သည်။

သေဆုံး

ပထမအကြိမ် ကားဗုံးပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့တောင်ပိုင်း အမေရိကန်စစ်အခြေစိုက် စခန်းတစ်ခုအပြင်ဘက်တွင် တနင်္လာနေ့ကဖြစ်ပွားခြင်းဖြစ်သည်။ အဆိုပါနေရာသည် ယခုလအတွင်း ၁၂ကြိမ်ကျော် တိုက်ခိုက်ခံရသည့်နေရာလည်းဖြစ်သည်။ သို့ရာတွင် ယခုအကြိမ်သည် သေဆုံးထိခိုက်မှု အများဆုံးဖြစ်သည်။

အသေအချာမသိ

တနင်္လာနေ့စောစောပိုင်းက နိုင်ငံခြားသားများက မောင်းနှင်လေ့ရှိသည့် အမေရိကန်စစ်ယာဉ်တန်းအား ရည်ရွယ်သည့် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ အနည်းဆုံး လူရှစ်ဦးသေဆုံးပြီး ၆၀ကျော်ဒဏ်ရာရရှိသည်။ ယင်းတိုက်ခိုက်မှုတွင် အသေခံဗုံးခွဲသူတစ်ဦး ပါဝင်ခြင်း ရှိ၊ မရှိသတင်းနှင့် ပတ်သက်၍ အသေအချာမသိရပေ။

ယင်းပေါက်ကွဲမှုကြောင့် အနည်းဆုံးကား ၁၂စီး ပျက်စီးခဲ့ရပြီးအနီးတစ်ဝိုက်ရှိ နေအိမ်များလည်း အကြီးအကျယ်ပျက်စီးကာ နေအိမ်အတွင်းရှိ လူများလည်း ဒဏ်ရာရရှိသည်။

အင်တာနက်။

ဇွန် ၁၄ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းထောင်ရှိ မျှော်စင်ပေါ်မှ လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့ အသေခံကားဗုံးဖောက်ခွဲမှု ဗြိတိန်နိုင်ငံသား နှစ်ဦးသေဆုံး

လန်ဒန် ဇွန် ၁၅

ဘဂ္ဂဒက်မြို့၌ အသေခံကားဗုံးဖောက်ခွဲမှုတွင် ဗြိတိန်နိုင်ငံသားနှစ်ဦးသေဆုံးခဲ့ကြောင်း ဗြိတိန်နိုင်ငံခြားရေးရုံးက တနင်္လာနေ့တွင် အတည်ပြုပြောကြားလိုက်သည်။

သေဆုံးသူများ၏ နာမည်များကို နိုင်ငံခြားရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူအမျိုးသမီးက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ သေဆုံးသူများ၏ ဆွေမျိုးများကို သေဆုံးကြောင်း သတင်းပေးထားသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

လူစည်ကားသည့် ဘဂ္ဂဒက်လမ်းမပေါ်တွင် တနင်္လာနေ့က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ ၁၃ ထက်မနည်း သေဆုံးခဲ့ပြီး ဒါဇင်ပေါင်းများစွာရှိသည့် လူများထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူများတွင် ပြည်ပနိုင်ငံသားငါးဦးပါဝင်ပြီး ထိခိုက်ဒဏ်ရာရရှိသူများထဲတွင်လည်း ပြည်ပနိုင်ငံသား သုံးဦးပါဝင်သည်။

ဘဂ္ဂဒက်ရှိ အမေရိကန်အခြေစိုက်စခန်း အပြင်ဘက်တွင် အသေခံကားဗုံးဖောက်ခွဲမှုကြောင့် အီရတ်နိုင်ငံသား ခုနစ်ဦးသေဆုံးပြီး နောက်တစ်ရက်တွင် ဖော်ပြပါပေါက်ကွဲမှုဖြစ်ပွားခြင်း ဖြစ်သည်။

အမေရိကန်တာဝန်ရှိ ပုဂ္ဂိုလ်များက ဇွန် ၃၀ ရက်တွင် အီရတ်အချုပ်အခြာ လွှဲပြောင်းရေးကိစ္စ ဆောင်ရွက်နေလျက်ရှိရာ အီရတ်နိုင်ငံအတွင်း သွေးမြေကျတိုက်ခိုက်မှုများ တိုးမြင့်ပေါ်ပေါက်နိုင်ကြောင်း အမေရိကန်နှင့် အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက သတိပေးထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ
The Mirror
နိုင်ငံတကာ
သတင်းများ

ဥရောပ ပါလီမန်ရွေးကောက်ပွဲ တိုနီဘလဲ၏ လေဘာပါတီ အရေးနိမ့် အီရတ်စစ်ပွဲဆင်နွှဲရန် ဆုံးဖြတ်ခြင်း၏ရလဒ်ဖြစ်ကြောင်း ဝန်ခံ

လန်ဒန် ဇွန် ၁၅

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရန် တောင်းဆိုနေသည့် ဗြိတိန်ပါတီငယ်အနေဖြင့် ဥရောပပါလီမန်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူတို့က ပိုမိုထောက်ခံချိန်တွင် အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီကို အာဏာရ လေဘာပါတီက အရှုံးပေးလိုက်ရခြင်းဖြင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲမှာ ရွေးကောက်ပွဲ ဒဏ်ရာဒဏ်ချက် ရရှိသွားရသည်။

ဇွန် ၁၅ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲပြီးနောက် ပျက်စီးသွားသည့် ဆိုင်ခန်းတစ်ခုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဥရောပ ပါလီမန်၌ ဗြိတိန်၏ အမတ်နေရာ ၇၈ နေရာအနက် ၆၈ နေရာကို ထုတ်ပြန်ကြေညာရာတွင် ပြည်သူတို့၏ ဥရောပသမဂ္ဂ မုန်းတီးမှု အမြင်များကို အမြတ်ထုတ်ကာ ဗြိတိန်လွတ်လပ်ရေးပါတီ (ယူကေအိုင်ပီ) အနေဖြင့် ဥရောပပါလီမန် အမတ်နေရာ ၁၂ နေရာကို ရလိုက်သည်။

အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီက ၂၅ နေရာ၊ ဝန်ကြီးချုပ်၏ လေဘာပါတီက ၁၇ နေရာ အသီးသီး အနိုင်ရသည်။ ယင်းမှာ အီရတ်စစ်ပွဲဆင်နွှဲရန် ဆုံးဖြတ်ခြင်းကြောင့် ရွေးကောက်ပွဲ ဆုံးရှုံးရခြင်းဖြစ်သည်ဟု ဝန်ခံထားသည့် ဝန်ကြီးချုပ်အဖို့ သိက္ခာကျစရာဖြစ်သည်။

တနင်္ဂနွေနေ့က ပြီးဆုံးသည့် ၂၅ နိုင်ငံ ပါဝင်သော ဥရောပပါလီမန်၏ လေးရက်ကြာ ရွေးကောက်ပွဲ၏ ပထမနေ့ဖြစ်သည့် ကြာသပတေးနေ့က ဗြိတိန်ပြည်သူတို့ မဲပေးကြရသည်။

ဥရောပပါလီမန်တွင် မြောက်အိုင်ယာလန်နှင့် စကော့တလန်အတွက် သတ်မှတ်သည့်အမတ်နေရာ ၁၀ နေရာအတွက် ရွေးကောက်ပွဲ ရလဒ်ကိုမူ တနင်္လာနေ့ရောက်မှ ကြေညာမည်ဆို၏။

ဥရောပပါလီမန် ရွေးကောက်ပွဲ ရလဒ်များမှာ စိတ်ပျက်ဖွယ် ကောင်းသော်လည်း မိမိတို့ တစ်ပါတီအတွက် သာမကဘဲ အဓိက ပါတီကြီးများ အားလုံးအတွက် စိတ်ပျက်ဖွယ်ကောင်းသည်ဟု ဝန်ကြီးချုပ် တိုနီဘလဲ အစိုးရအဖွဲ့မှ ကုန်သွယ်ရေးဝန်ကြီး ပက်ထရစ်ရှာဝေးဝစ်က ဘီဘီစီရုပ်မြင်သံကြား အစီအစဉ်သို့ ပြောကြားလိုက်သည်။ ယင်းသို့ ဖြစ်ရခြင်းမှာ အီရတ်စစ်ပွဲကြောင့် ဖြစ်သည်ဟု ၎င်းက ပြောဆိုသည်။

ကြာသပတေးနေ့က ဥရောပပါလီမန် ရွေးကောက်ပွဲနှင့် တစ်ပြိုင်တည်း ပြုလုပ်သည့် ဗြိတိန်ဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာ ရွေးကောက်ပွဲတွင်လည်း ဝန်ကြီးချုပ် တိုနီဘလဲ၏ ပါတီမှာ ခွက်ခွက်လန်အောင် ရှုံးရသည်ဟု ရိုက်တာက ဖော်ပြထားသည်။

တတိယနေရာ

မဲပေးပုံအနေအထားအရ ကြည့်မည်ဆိုလျှင် လေဘာပါတီသည် တတိယနေရာ၌ ရှိနေသည်။ ယင်းမှာ ဗြိတိန်နိုင်ငံ အာဏာရပါတီအနေဖြင့် ထိုသို့ မဖြစ်ခဲ့ဖူးပေ။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်၌ အန္တရာယ်ကြီးမားစွာ ကျရောက်လာတော့မည်ဖြစ်ကြောင်း အီရတ်သမ္မတ သတိပေး

ဝါရှင်တန် ဇွန် ၁၅

လုံခြုံရေးတည်ငြိမ်မှု ပြန်လည်မရရှိမီ အီရတ်နိုင်ငံသည် ကြောက်စရာကောင်းသည့် အချိန်အခါနှင့် ရင်ဆိုင်တွေ့ရမည်ဖြစ်ကြောင်း မတည်ငြိမ်မှုများ ထပ်မံပေါ်ပေါက်လာပြီးနောက် အီရတ်ကြားဖြတ်အစိုးရ၏သမ္မတ ဂါဇီအယ်-ယာဝါက သတိပေး ပြောကြားလိုက်သည်။

အီရတ်အစိုးရ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်နှစ်ဦး ၂၄ နာရီအတွင်း အသတ်ခံရပြီး ဘဂ္ဂဒက်မြို့တွင် အနည်းဆုံး လူခုနစ်ဦး သေဆုံးစေခဲ့သော ကားဗုံးပေါက်ကွဲမှုတို့ ဖြစ်ပွားပြီးနောက် အီရတ်သမ္မတ အယ်-ယာဝါက ယင်းကဲ့သို့ သတိပေးပြောကြားလိုက်ခြင်းဖြစ်သည်။ မကြာမီကာလအတွင်း ကြောက်စရာကောင်းသည့် အချိန်အခါ ရောက်လာတော့မည်ဖြစ်ကြောင်း အင်ဘီစီရုပ်မြင်သံကြားဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ၎င်းက ပြောကြားသည်။

အီရတ်တွင် တိုက်ခိုက်မှုများကို တိုး၍ရင်ဆိုင်ရမည်ဟု မိမိတို့ မျှော်လင့်ထားကြောင်း၊ သို့ရာတွင် အခြေအနေ ပိုမိုမဆိုးရွားစေရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ အလေးထားဆောင်ရွက်ထားရန် မိမိတို့ ကတိကဝတ်ပြုကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်နှစ်ဦးတို့သည် ဘဂ္ဂဒက်မြို့တွင် စနေနှင့် တနင်္ဂနွေနေ့တို့တွင် အသတ်ခံလိုက်ကြရသည်။ ယင်းဖြစ်ရပ်များသည် ကြေကွဲဝမ်းနည်းစရာကောင်းကြောင်း အီရတ်သမ္မတက ပြောကြားသည်။

ယာဝါ ဦးဆောင်သည့် အီရတ်ကြားဖြတ်အစိုးရထံသို့ ဇွန် ၃၀ ရက်တွင် အချုပ်အခြာအာဏာ လွှဲပြောင်းရေးကို ဆက်လက်ဆောင်ရွက်သွားရန် အမေရိကန်က ပြတ်ပြတ်သားသား ဆုံးဖြတ်ထားကြောင်း အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ကွန်ဒိုလီဇာရိုက်စ်က ထပ်လောင်းပြောကြားသည်။ ***အင်တာနက်။***

အီရတ်ရှိ နယူးဇီလန်တပ်ဖွဲ့စခန်း ပစ်ခတ်ခံရ စခန်းတွင်းရှိ ဗြိတိန်တပ်ဖွဲ့ဝင်နှစ်ဦး ထိမှန်

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ယမန်နေ့ နံနက်စောစောပိုင်းတွင် ဘာဆာရာမြို့ရှိ အမှတ်(၆၁) နယူးဇီလန်တပ်စခန်းကို စိန်ပြောင်းနှင့် ပစ်ခတ်ခဲ့ရာ ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး အနည်းငယ်စီ ဒဏ်ရာရရှိသွားပြီး နယူးဇီလန်တပ်ဖွဲ့၏ ထောက်ပံ့ရေးတဲတစ်လုံး ပျက်စီးသွားသည်။

အခိုင်အမာတည်ဆောက်ထားသော စခန်းအတွင်းတွင် နယူးဇီလန်တပ်ဖွဲ့များနှင့် ဗြိတိန် အင်ဂျင်နီယာတပ်ဖွဲ့များ ခွဲဝေ၍ စခန်းချထားကြသည်။ ယခုတိုက်ခိုက်မှုကြောင့် နယူးဇီလန် တပ်ဖွဲ့များ အထိအခိုက်မရှိကြောင်း သိရသည်။

အီရတ်တွင် စခန်းချထားသော နယူးဇီလန်တပ်များ၏ အခြေအနေကို အဆက်မပြတ် လေ့လာသုံးသပ်လျက်ရှိသော်လည်း တပ်များဆုတ်ခွာရေးကိစ္စကို စဉ်းစားခြင်း မရှိကြောင်း ကာကွယ်ရေးဝန်ကြီး မတ်ဘာတွန်း၏ ပြောဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

ဘာဆာရာရှိ အတိုက်အခိုက်ခံရသည့် တပ်များနှင့် အဆက်အသွယ်မှာ အခက်အခဲရှိသဖြင့် အခြေအနေ အသေးစိတ်ကို သိရှိရခြင်း မရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ဦးစီးမှူး ဆင်ဒီမက်ကီးက ပြောကြားသည်။ အတိုက်အခိုက်ခံရသည့်အတွက် နယူးဇီလန်တပ်၏ အလွယ်တကူရွှေ့ပြောင်းနိုင်သော အဆောက်အအုံတစ်ခုလုံး ပျက်စီးသွားရသည်။

မိမိတို့၏ တပ်ဖွဲ့ဝင်များသည် အန္တရာယ်များလှသော ဒေသတွင် တာဝန်ထမ်းဆောင် နေကြရသည်။ ထိုအချက်ကို တပ်ဖွဲ့ဝင်များကလည်း သဘောပေါက်ကြသည်။ ယခုအပစ်အခတ်ခံရသည့် စခန်းသည် ပထမဦးဆုံး အတိုက်ခိုက်ခံရခြင်းပင်ဖြစ်သည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ကားဗုံးများ ဆက်တိုက်ပေါက်ကွဲခဲ့၍ အနည်းဆုံးလူပေါင်း ၄၀ ဦး သေဆုံးသွားသည်။

ပြန်ရန်ရက်စေ့မည်

အီစတာပွဲတော်ကာလ အတွင်းက တပ်ဖွဲ့ဝင်များကို စခန်းအပြင်ထွက်ခွင့် မပေးဘဲ ထားခဲ့သည်။ ထိုကာလက ခုခံရေးသမားများသည် နိုင်ငံခြားသားများကို ဓားစာခံအဖြစ် ဖမ်းဆီးခြင်းနှင့် အပေါင်းပါတပ်ဖွဲ့များအပေါ် တိုက်ခိုက်မှုများ တိုးတက်ဖြစ်ပွားနေချိန် ဖြစ်သည်။ နယူးဇီလန်တပ်ဖွဲ့များသည် လာမည့် စက်တင်ဘာလတွင် ဌာနေသို့ ပြန်ရန် ရက်စေ့မည်ဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

ဇွန် ၁၅ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ကြည့်ရှုစစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တူရကီ နိုင်ငံသားနှစ်ဦး အီရတ်၌ ပြန်ပေးဆွဲခံရပြန်

အစ္စတန်ဘူလ် ဇွန် ၁၅

တူရကီနိုင်ငံသားနှစ်ဦး အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲခံရကြောင်းဖြင့် စီအင်အင်တာ့ခ် ရုပ်မြင်သံကြားဌာနက တနင်္လာနေ့တွင် ကြေညာသည်။ သို့သော် မည်သူမည်ဝါဖြစ်သည်၊ မည်သူက ပြန်ပေးဆွဲဖမ်းဆီးသည် ဆိုခြင်းမှာ ချက်ချင်းမသိရသေးဟု ဆိုသည်။ လောလောလတ်လတ် ပြန်ပေးဆွဲခံရသည့်သတင်း တစ်စုံတစ်ရာမျှ မရကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။

ပြန်လွှတ်

အီရတ်ပြောက်ကျားများဟု သင်္ကာမကင်းသူများ ဖမ်းထားသည့် တူရကီ ရှစ်ဦးကို ရက်သတ္တပတ်ကုန်ပိုင်းက နှစ်နေရာမှ ပြန်လွှတ်လိုက်ကြောင်း တူရကီသံတမန်များက စောစောပိုင်းက ပြောဆိုသည်။ ၎င်းတို့အနက် ခုနစ်ဦးမှာ တူရကီကန်ထရိုက်လုပ်ငန်းတွင် အလုပ်လုပ်နေသူများဖြစ်ပြီး ကျန်တစ်ဦးမှာ ယာဉ်မောင်းတစ်ဦးဖြစ်သည်ဆို၏။ *အမ်အင်အေ၊ရိုက်တာ။*

အီရတ်အား ကျူးကျော်တိုက်ခိုက်မှုတွင်ပါဝင်ခဲ့၍ ဘလဲ၏ပါတီ ဒေသန္တရရွေးကောက်ပွဲ၌လည်းရှုံးပြီး လေဘာပါတီဝင်များ၏ ဝေဖန်မှု ဘလဲ ရင်ဆိုင်ရတော့မည်

လန်ဒန် ဇွန် ၁၅

ဗြိတိန်နိုင်ငံတွင် ကျင်းပသည့် ဒေသန္တရရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် တိုနီဘလဲ၏ အာဏာရလေဘာပါတီသည် အကြီးအကျယ်ရှုံးနိမ့်သွားသည်။ မဲဆန္ဒရှင်များက လေဘာအစိုးရကို အီရတ်နိုင်ငံအား ကျူးကျော်ရာ၌ပါဝင်ခဲ့သည့်အတွက် တုံ့ပြန်လိုက်ခြင်းပင်ဖြစ်သည်။ ဝန်ကြီးချုပ် တိုနီဘလဲသည် စနေနေ့တွင် လန်ဒန်မြို့သို့ ပြန်လည်ရောက်လာပြီး အီရတ်ကိစ္စနှင့်ပတ်သက်၍ လေဘာပါတီ၏ ဝေဖန်မှုကိုလည်း ရင်ဆိုင်ရတော့မည်ဖြစ်သည်။

ဝန်ကြီးချုပ်ဘလဲသည် ဝါရှင်တန်မြို့တွင် အမေရိကန် သမ္မတဟောင်း ရော်နယ်ရေဂင်၏ ဈာပနကို တက်ရောက်လျက်ရှိသည်။ ထိုအချိန်တွင် ဒေသန္တရရွေးကောက်ပွဲ၌ ရှုံးနိမ့်ခဲ့ရသည်ကို ဝန်ကြီးချုပ်ဘလဲ၏ လက်ထောက်များက ခပ်ပေါ့ပေါ့ အနေအထားတွင်သာ ရှိနေအောင် ကြိုးစားပုံဖော်လျက်ရှိသည်ဟု ဆိုသည်။

ရှုံးဆုံး

ပြီးခဲ့သော ကြာသပတေးနေ့တွင် ဗြိတိန်နိုင်ငံ၌ ဒေသန္တရရွေးကောက်ပွဲ ကျင်းပပြီးစီးခဲ့သည်။ ထိုရွေးကောက်ပွဲတွင် လေဘာပါတီမှ ကိုယ်စားလှယ်ပေါင်း ၄၆၀ တို့သည် ဒေသဆိုင်ရာ အုပ်ချုပ်ရေးနေရာများတွင် အရွေးမခံရဘဲ လက်လွတ်ဆုံးရှုံးကြရသည်။ ဘလဲအနေဖြင့် အင်္ဂလန်တွင် လေဘာပါတီ၏ ပါလီမန်ကိုယ်စားလှယ်များကို လာမည့် နိုင်ငံလုံးဆိုင်ရာ အထွေထွေရွေးကောက်ပွဲ၌ ယခုကဲ့သို့ အရှုံးနှင့် ရင်ဆိုင်ရမည်မဟုတ်ကြောင်း လက်ခံလာစေရန် ရှင်းလင်းတင်ပြရဖွယ်ရှိသည်ဟုဆိုသည်။ အထွေထွေရွေးကောက်ပွဲသည် ရှေ့နှစ်တွင် ကျင်းပသွားဖွယ်ရာရှိသည်။

ဝမ်းနည်း

ဒေသဆိုင်ရာ ရွေးကောက်ပွဲများ၌ လေဘာပါတီ၏ ကိုယ်စားလှယ်များ ရှုံးနိမ့်ခဲ့ရသည်ကို မိမိအနေဖြင့် ဝမ်းနည်းမိကြောင်း ပြောကြားလိုသည်။ ယခုကိစ္စတွင် အီရတ်ပြဿနာ၏ လောင်းရိပ်အမိုးခံရသည်ဟု ထင်မြင်ပါကြောင်း ဝန်ကြီးချုပ်ဘလဲက သတင်းထောက်များကို လန်ဒန်သို့ မပြန်မီ ပြောကြားခဲ့သည်။

အထက်ပါအခြေအနေများ ဖြစ်ပွားနေသည့်တိုင်အောင် ဘလဲသည် လေဘာပါတီ၏ ခေါင်းဆောင်အဖြစ်မှ ဆင်းပေးဦးမည်မဟုတ်ဘဲ လက်ရှိတာဝန်ကို ဆက်လက်ယူထားဦးမည်ဖြစ်သည်။ အီရတ်များ လက်သို့ အမေရိကန်နှင့်ဗြိတိန်တို့ ပါဝင်သော သိမ်းပိုက်ရေးအဖွဲ့များက အာဏာလွှဲပြောင်းပေးမည့် အစီအစဉ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် သဘောတူ ဆုံးဖြတ်ချက်ပေးခဲ့ပြီးဖြစ်သည်။ ဤသို့ လုံခြုံရေးကောင်စီ၏ သဘောတူညီမှုရရှိနိုင်ခဲ့သည့်အတွက် လေဘာပါတီ၏ အနေအထားမှာ တိုးတက်ပြောင်းလဲလာလိမ့်မည်ဟု ဝန်ကြီးချုပ်ဘလဲက မျှော်လင့်ထားကြောင်း ပြောကြားသည်။

အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲကို ဝန်ကြီးချုပ်ဘလဲ၏ လေဘာပါတီတွင်းမှ ပြင်းပြင်း ထန်ထန် ဆန့်ကျင်နေသည့်ကြားမှ ဝန်ကြီးချုပ်က အမေရိကန်နှင့်တွဲပြီး အီရတ်ကို ကျူးကျော်ရန် ဆုံးဖြတ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ကြုံလေ့ရှိ

ဒေသဆိုင်ရာ ရွေးကောက်ပွဲများ၌ များသောအားဖြင့် အာဏာရပါတီမှ ကိုယ်စားလှယ်များသည် ယှဉ်ပြိုင်အရွေးချယ်ခံကြရာ၌ အခွင့်မသာသည့်အဖြစ်များ ကြုံရလေ့ရှိသည်။ သို့ရာတွင် ယခုတစ်ကြိမ် ဒေသန္တရရွေးကောက်ပွဲ၌ အာဏာရပါတီသည် ဒုတိယအနေအထားမှာပင် မရှိဘဲ တတိယနေရာသို့ ရောက်သွားသည့် အဆင့်အထိ လျော့ကျသွားသည်။

ရောက်ရှိ

အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီကို မမီရုံသာမက စစ်ဆန့်ကျင်သော လစ်ဘရယ်ဒီမိုကရက် ပါတီနောက် တတိယနေရာသို့ပင် ရောက်ရှိသွားသည်။ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီသည် အင်အားငယ်သော ပါတီငယ်လေးသာဖြစ်သည်။

အလွန်ခက်ခဲ

လက်ရှိအခြေအနေတွင် လေဘာပါတီသည် ပါလီမန်အတွင်း၌ အများစုနေရာကို လွှမ်းမိုးထားဆဲဖြစ်သည်။ ပါတီစည်းလမ်းများအရ ဘလဲကို ပါတီ၏ ခေါင်းဆောင်အဖြစ်မှ ဖယ်ရှားရန် အလွန်ခက်ခဲလျက်ရှိသည်။ သို့အတွက် လေဘာပါတီ၏ ဥပဒေပြုကိုယ်စားလှယ်များကမူ လာမည့် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်နိုင်ရေးအတွက် ခေါင်းဆောင်သစ်ရှာဖွေရမည့် ကိစ္စအတွက် ပူပန်နေကြသည်ဟု ဆိုသည်။

စောင့်ဆိုင်း

လေဘာပါတီ ခေါင်းဆောင်သစ်နေရာနှင့်စပ်လျဉ်း၍ စဉ်းစားရာ၌ ယခင် ဗြိတိန်ဘဏ္ဍာရေးဝန်ကြီးဟောင်း ဂေါ်ဒွန်ဘရောင်းသည် အသင့်စောင့်ဆိုင်းနေသည့် အနေအထားရှိသည်ဟု ဆိုသည်။

တုံ့နေ

ဝန်ကြီးချုပ်ဘလဲ၏ လက်ထောက်ဂျွန်ပရက်စကော့က ဘလဲအပေါ် ဝေဖန်ခဲ့သည့်အဖြစ် ရှိခဲ့သည်။ ထိုဖြစ်ရပ်ကို မိမိတို့အနေဖြင့် လေ့လာသင်ခန်းစာယူသင့်ကြောင်း လေဘာပါတီခေါင်းဆောင်ပိုင်းက ဝန်ခံခဲ့ကြသော်လည်း ဘလဲကို ခေါင်းဆောင်နေရာထားရေးကိစ္စနှင့် ပတ်သက်၍ ပြောဆိုလုပ်ကိုင်ရန် တုံ့နေခဲ့ကြောင်း သိရသည်။

နုတ်ထွက်

တိုနီဘလဲကို ထောက်ခံသူယဉ်ကျေးမှုဝန်ကြီး တာစာဂျိုဝဲလ်က ယခုအချိန်သည် ဘလဲ၏ အနာဂတ်အရေးကို စဉ်းစားဖို့ရန်သင့်သောအချိန် မဟုတ်ကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် နိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်ကမူ မဲဆန္ဒရှင်များသည် လေဘာပါတီကို ဘလဲ ဦးဆောင်နေသမျှ ထိုပါတီနှင့်ကင်းကင်းနေကြလိမ့်မည်၊ မထောက်ခံဘဲနေလိမ့်မည်ဟု ကောက်ချက်စကား ဆိုခဲ့သည်။ ၎င်းသည် အီရတ်စစ်ပွဲသို့ ပါဝင်ရန် ဘလဲဆုံးဖြတ်သည်ကို မကျေနပ်၍ ရာထူးမှ နုတ်ထွက်ခဲ့သူဖြစ်၏။

သိက္ခာကျ

ဒေသန္တရ ရွေးကောက်ပွဲတွင် လေဘာပါတီရှုံးရခြင်းသည် ဘလဲကို ၎င်း၏ လေဘာပါတီက မဆုံးမသည့်အတွက် ပြည်သူက မဲမပေးဘဲနေရန် အကြောင်းပြ ဆုံးမခဲ့ခြင်းပင်ဖြစ်သည်။ အီရတ်စစ်တွင် ဗြိတိန်ပါခဲ့ခြင်းကြောင့် ဗြိတိန်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် သိက္ခာကျ အရှက်ရခဲ့သည်။

ဘလဲသည် ခေါင်းဆောင်ရာထူးမှ ဆင်းပေးခြင်းသည်သာ သူ၏ အမှားကို ပြေပျောက်စေနိုင်မည့် လုပ်ရပ်ဖြစ်ပေသည်ဟု လေဘာပါတီမှ ထင်ရှားသူ ကိုယ်စားလှယ်တစ်ဦးဖြစ်သော ကလဲရှော့က ပြောကြားကြောင်း အီးဘနင်းစတင်းဒတ် သတင်းစာက ရေးသားဖော်ပြခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၈၂၇ဦးရှိပြီ

ဘဂ္ဂဒက် ဇွန် ၁၅

လွန်ခဲ့သည့်နှစ် မတ်လက အီရတ်နိုင်ငံကို စစ်ရေးအရ စတင်တိုက်ခိုက်ခဲ့ချိန်မှ ယခုနှစ် ဇွန် ၁၅ ရက်အထိ အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၂၇ ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအနက် ၆၀၉ ဦးမှာ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၂၁၈ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။ ထိုအတောအတွင်း ဗြိတိန်က ၅၈ဦး၊ အီတလီက ၁၈ဦး၊ စပိန်က ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန်တို့က ခြောက်ဦးစီ၊ ယူကရိန်းကလေးဦး၊ စလိုဗက်ကီးယားက သုံးဦး၊ အခြားတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ဒိန်းမတ်၊ အယ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ လတ်ဗီးယားနှင့် နယ်သာလင်တို့က တစ်ဦးစီ အသီးသီး သေဆုံးခဲ့သည်။

အီရတ်နိုင်ငံတွင် အဓိကစစ်ဆင်တိုက်ခိုက်မှုများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်က ကြေညာခဲ့သည့် ၂၀၀၃ ခုနှစ် မေ ၁ ရက်နောက်ပိုင်း အီရတ်နိုင်ငံ၏ အမေရိကန်တပ်ဖွဲ့ဝင် ၆၈၉ ဦး သေဆုံးခဲ့သည်။ ယင်းအနက် ၅၀၀ ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၁၈၉ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံ၌ အမေရိကန်က ၂၀၀၃ခုနှစ် မတ်လတွင် စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်ခဲ့ချိန်နောက်ပိုင်း တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၅၁၃၈ဦး ဒဏ်ရာရရှိခဲ့သည်။ ***အင်တာနက်။***

ဇွန် ၁၅ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အမေရိကန်သံရုံးအနီး၌ အမေရိကန်ဆန့်ကျင်ရေးနှင့် စစ်ဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများ တိုးမြှင့်ဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၁၅

ဇွန် ၁၃ ရက်က ဘဂ္ဂဒက်မြို့ရှိ အမေရိကန် စစ်အခြေစိုက်စခန်းအနီးတွင် အသေခံ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားစဉ် အီရတ်ပညာရေးဝန်ကြီးဌာနမှ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦး ယမန်နေ့က လုပ်ကြံသတ်ဖြတ်ခံရသည်။ အဆိုပါ အသေခံကားဗုံးဖောက်ခွဲမှုတွင် လူ၁၂ဦး သေဆုံးပြီး ၁၃ဦးဒဏ်ရာရရှိခဲ့သည်။

ဇွန် ၁၃ရက်ကလည်း ဘဂ္ဂဒက်မြို့ မြောက်ဘက် တာဂျီမြို့အနီးတွင် တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ထိုအတောအတွင်း ဘဂ္ဂဒက်မြို့တွင် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များ၏ ဌာနချုပ်တည်ရှိရာ အစောင့်အကြပ် ထူထပ်စွာချထားသည့် အစိမ်းရောင်နယ်မြေအတွင်းသို့ ဒုံးကျည်တစ်စင်း ကျရောက်ပေါက်ကွဲခဲ့သည်။

ယင်းကဲ့သို့ ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် အမေရိကန် အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာ၏ ဌာနချုပ်တည်ရှိရာ အီရတ်သမ္မတနန်းတော်ကို အနည်းအကျဉ်း ထိခိုက် ပျက်စီးစေခဲ့သည်။ အီရတ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး လုပ်ကြံခံရပြီး နောက်တစ်နေ့တွင် ယင်းကဲ့သို့ တိုက်ခိုက်မှုများ ဖြစ်ပွားခြင်းဖြစ်သည်။

အီရတ်နိုင်ငံ၌ အချုပ်အခြာအာဏာ လွှဲပြောင်းပေးမှုကို ဟန့်တားရန်နှင့် အီရတ်နိုင်ငံ၏ အစိုးရသစ်က ယုံကြည်ကိုးစားမှုမရှိစေရန် အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များ၏ သိမ်းပိုက်မှု အဆုံးမသတ်မီနှင့် အဆုံးသတ်ပြီးနောက်တွင် အီရတ်တိုက်ခိုက်ရေးသမားများကအရှိန်အဟုန်တိုးမြှင့် တိုက်ခိုက်ဖွယ် ဖြစ်ကြောင်း အမေရိကန်ဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် တောင်ဘက် ရဲစခန်းကို မျက်နှာဖုံးစွပ်ထားသည့် သေနတ်သမားများ စီးနင်းဝင်ရောက်ဖောက်ခွဲ

ယူဆူဖီယာ(အီရတ်) ဇွန် ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တောင်ဘက်ရှိ ရဲစခန်းတစ်ခုကို မျက်နှာဖုံးစွပ်ထားသည့် သေနတ်သမားများက သောကြာနေ့တွင် စီးနင်းဝင်ရောက်တိုက်ခိုက်ပြီးဖောက်ခွဲဖျက်ဆီးခဲ့ရာ တစ်လမပြည့်မီ အတောအတွင်း အီရတ်လုံခြုံရေးဆိုင်ရာအဆောက်အအုံကို စတုတ္ထအကြိမ်မြောက် တိုက်ခိုက်ခြင်းဖြစ်သည်။

သေနတ်သမားများသည် ဘဂ္ဂဒက်တောင်ဘက် ၁၂မိုင်အကွာရှိ ယူဆူဖီယာမြို့ရှိ ရဲစခန်းတွင်းသို့ ကားခုနစ်စီးဖြင့်ရောက်ရှိလာပြီး ရဲစခန်းကိုဝန်းရံကာ လက်နက်ငယ်များနှင့် ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ရဲအရာရှိ ဆတ္တားအဗူဒူရီဒါက ပြောကြားသည်။ ***အင်တာနက်။***

အပျက်အစီး

ဇွန် ၁၅ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ကြည့်ရှုနေသည့် အီရတ်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ရွှေညဝါ အောင်ပွဲနှင့် မဟာဘွဲ့နှင်းသဘင် ကျင်းပမည်

ရန်ကုန်   ဇွန်   ၁၆

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိ စာသင်တိုက်တွင် ရွှေညဝါသင်တန်းအောင်ပွဲနှင့် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ဇွန် ၁၉ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင်ကျင်းပပြီး သံဃာတော်အပါး ၁၀၀၀ ကျော်တို့အား သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ရာ သံဃာတော်များ နေ့ဆွမ်းဘုဉ်းပေးအမီ ကြွရောက်ကြရန် နိုးဆော်ထားသည်။ (က-ပ)

ပြိုးခြိမ့်သျှေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ဆန်စက်များအရည်အသွေးမြင့်မားတိုးတက်ရေး

မောင်ပီတိ

၂၀၀၃-၂၀၀၄ဘဏ္ဍာနှစ် စက်မှတ်ပုံတင်စာရင်းအရ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဟာလာဆန်စက်အရေအတွက် ၁၀၄၆၉လုံးရှိပြီး ၎င်းဟာလာဆန်စက်များ၏ ၂၄နာရီ စက်ကြိတ်အင်အား တန်ချိန်မှာ ၄၁၃၄၁တန်ဖြစ်ပါသည်။ အမှန်တကယ် ဆန်စပါးကြိတ်ခွဲနေသော စာရင်းဇယား ကောက်ယူရရှိထားသည့် ဟာလာဆန်စက်အရေအတွက် ထက် ပိုမိုများပြားနိုင်သည်ဟု ယူဆရပါသည်။ ၂၀၀၂-၂၀၀၃ဘဏ္ဍာနှစ်အတွင်းက နိုင်ငံတော်၌ စပါးတင်းသိန်း ၉၈၀၀ ထက်မနည်း ထွက်ရှိခဲ့ပါသည်။ တစ်နိုင်ငံလုံး ထွက်ရှိသော စပါးများမှ နိုင်ငံတော်က စပါးတင်းသိန်း ၁၀၀၀ ခန့်သာ ဝယ်ယူခဲ့သဖြင့် ကျန်တင်းသိန်း၈၈၀၀အား ဒေသအသီးသီးရှိ ဝမ်းစာစပါး ကြိတ်ခွဲသော မှတ်ပုံတင်ပြီး ဆန်စက်နှင့် ဟာလာဆန်စက်များမှ ကြိတ်ခွဲခဲ့ပါသည်။ ဝမ်းစာစပါးကြိတ်ခွဲသောဆန်စက်အရေအတွက်မှာ ၅၇၁လုံး ဖြစ်ပြီး ၂၄နာရီ စက်ကြိတ်အင်အားမှာ တန်ချိန် ၁၀၃၃၉ ဖြစ်ပါသည်။ သို့ဖြစ်၍ ကျန်ရှိသည့် စပါး၇၅ရာခိုင်နှုန်း ခန့်ကို ဟာလာဆန်စက်များမှ ကြိတ်ခွဲပေးရသဖြင့် နိုင်ငံတော်မှထွက်ရှိသော စပါးပမာဏအများဆုံးကို ဟာလာ ဆန်စက်များမှကြိတ်ခွဲပေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာ့ဆန်စပါးလောကတွင် နိုင်ငံတော်၏ အဓိက စပါးကျီဒေသကြီးသုံးခုအဖြစ် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း နှင့် ပဲခူးတိုင်းတို့ကို သတ်မှတ်ထားပါသည်။ ဟာလာ ဆန်စက်အများဆုံး တည်ရှိရာတိုင်းမှာ ဧရာဝတီတိုင်းဖြစ်ပြီး မှတ်ပုံတင်ထားသော ဆန်စက်မှာ ၂၅၇၈ လုံးဖြစ်ပါသည်။ အဆိုပါ ဟာလာဆန်စက်များ၏ ၂၄နာရီ စက်ကြိတ် အင်အားမှာ ၁၃၅၈၅တန်ဖြစ်ပါသည်။ သို့အတွက် ဧရာဝတီ တိုင်းသည် ဆန်စပါးထွက် ပမာဏအများဆုံး တိုင်းကြီး တစ်တိုင်းဖြစ်သည့်အပြင် လုပ်ငန်းဆက်စပ်မှုအနေဖြင့် ဟာလာစက်၊ ဆန်စက်အများဆုံးရှိသော တိုင်းကြီးတစ်တိုင်း ဖြစ်ပါသည်။

၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ် စာရင်းအရ နိုင်ငံပိုင် ဆန်စက် ၇၀၊ လယ်ယာထွက်ကုန် စပါးကြိတ်ခွဲပေးသော ပုဂ္ဂလိကဆန်စက် ၅၂၇ လုံးနှင့် ဝမ်းစာဆန်စက် ၅၃၀လုံး စုစုပေါင်း ၁၁၂၇လုံးရှိပါသည်။ နိုင်ငံပိုင်ဆန်စက်များ အနေဖြင့် ပြည်ပအဆင့်အတန်းမီဆန်များ ကောင်းမွန်စွာ ကြိတ်ခွဲနိုင်သော်လည်း ပုဂ္ဂလိကဆန်စက်အများစုမှာ မကြိတ်ခွဲနိုင်ကြပါ။ ၎င်းတို့အနက် ဆန်စက် ၁၇၅လုံးသာ တန်းမြင့်ဆန်များအား ကြိတ်ခွဲထုတ်လုပ်နိုင်ပါသည်။ အဆိုပါ ဆန်စက်ကြီးများမှ ပြည်တွင်းစားဆန်များ သာမက ပြည်ပပို့ကုန်အဆင့်အတန်းမီသည့် မြန်မာ့ဆန်များကို ကြိတ်ခွဲထုတ်လုပ်ပေးလျက်ရှိပါသည်။ ဆန်စက်ကြီးများ အများစုမှာ ဆန်များကြိတ်ခွဲ ထုတ်လုပ်ပေးလျက်ရှိနေသော်လည်း သက်တမ်းရှည်ကြာလာမှုကြောင့် အချို့ဆိုလျှင် ကြိတ်ခွဲစွမ်းအားကျဆင်းမှုအခက်အခဲများ ကြုံတွေ့လာခဲ့ရပါသည်။ အပိုပစ္စည်းဝယ်မရခြင်း၊ စက်ပြုပြင်ရန် ငွေကြေး မတတ်နိုင်ခြင်းတို့သည်လည်း ဆန်စက်လုပ်ငန်းတွင် အခက် အခဲများ ဖြစ်နေပါသည်။ လက်ရှိအနေအထားအရ အဆင့်မြင့် ဆန်စက်ကြီးများ လိုအပ်လျက်ရှိပါသေးသည်။ ထွက်ရှိသော စပါးပမာဏ၏ ၇၅ရာခိုင်နှုန်းကို ဟာလာ ဆန်စက်များမှ ကြိတ်ခွဲပေးနေရဆဲဖြစ်ပါသည်။

ဟာလာဆန်စက်များအနေဖြင့် ကျေးလက်ဒေသများ တွင် တည်ရှိနေပြီး ကြိတ်ခွဲလိုသည့် စပါးများကို စိုက်ပျိုးထုတ် လုပ်သူ လယ်သမားများက ဝေးလံစွာသယ်ယူသွားရန် မလိုအပ်သောကြောင့် သယ်ယူပို့ဆောင်ခများ သက်သာခြင်း၊ ဆန်စက်ကြီးများဖွင့်ရန်အထိ အချိန်စောင့်ဆိုင်းရန် မလိုအပ် ခြင်း၊ စပါးအရေအတွက် အနည်းငယ်မျှကိုပင် လက်ခံကြိတ်ခွဲ ပေးနိုင်ခြင်းစသော အားသာချက်များကြောင့် တစ်ပိုင်တစ်နိုင် လယ်သမား အများစုအနေဖြင့် ဟာလာဆန်စက်များကို အားကိုးအားထား ပြုနေကြခြင်းဖြစ်ပါသည်။

သို့သော် ဟာလာဆန်စက်များတွင် တပ်ဆင်ထားသော စက်ယူနစ်များသည် ရရာပစ္စည်းဖြင့် အလုပ်ဖြစ်ရုံ တည်ဆောက်ထားရခြင်း၊ ကြိတ်ခွဲမှုနည်းပညာအရ တစ်ခုနှင့် တစ်ခု ဆီလျော်မှု မရှိခြင်းစသည့် အချက်များကြောင့် ဆန်ကြိတ်ထွက်နှုန်းရသင့်သလောက် မရရှိဘဲ လျော့နည်း ခြင်း၊ ဆန်နှင့်ဆန်ထွက်ပစ္စည်းများ မလိုအပ်ဘဲဆုံးရှုံးနေရခြင်း စသည့်ဆိုးကျိုးများဖြစ်ပေါ်စေပါသည်။ ဤသို့သော လေလွင့် ဆုံးရှုံးမှုများ အပေါ်ယံကြောကြည့်လျှင် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ချင်း၏ လေလွင့်ဆုံးရှုံးမှုများစုပေါင်းလိုက်လျှင် နိုင်ငံတော်ပိုင်း လေလွင့်ဆုံးရှုံးမှု (National Loss)သဖွယ် မဖြစ်ပွားသင့်ဘဲ ဖြစ်ပွားလာနိုင်ကြောင်း သတိပြုကြရပါမည်။

သို့အတွက် ဟာလာဆန်စက်များတွင် လွယ်လင့်တကူ ဆက်သွယ်ကြိတ်ခွဲနေရခြင်းမှာ ဒေသခံ လယ်သမားများအဖို့ အဆင်ပြေပြေဖြစ်သည်မှန်သော်ငြား မလိုလားအပ်သော ဆုံးရှုံးမှု များမှသည် နိုင်ငံတော်အဆင့် ဆုံးရှုံးမှုများအထိ ဖြစ်သွား နိုင်ကြောင်းသတိပြုကြရပါမည်။ မလေလွင့် မဆုံးရှုံးစေသင့် သည်များကို တားဆီးရန် ဖြစ်ပေသည်။ ထို့ကြောင့် အချို့ နေရာများတွင် ဒေသအာဏာပိုင်တို့၏ အစီအစဉ်ဖြင့် ဟာလာဆန်စက်များကို ခွင့်မပြုခဲ့ကြခြင်းလည်း ဖြစ်သည်။

စပါးစိုက်ပျိုး ထွက်ရှိလာသည်နှင့်အမျှ စားသုံးမှု အဆင့်ဖြစ်သည့် "ဆန်"အဖြစ် ရောက်အောင် ကြိတ်ခွဲ ထုတ်လုပ်ပေးရမည်မှာ သဘာဝပင်ဖြစ်သည်။ ခေတ်က လည်း ကြိတ်ဆုံတွင် မောင်းထောင်းဆန်ဖြူဖွပ်စား နေရမည့် ခေတ်မျိုးလည်းမဟုတ်တော့။ ထို့ကြောင့်ထွက်ရှိလာသော စပါးများအလျဉ်မီ အချိန်မီကြိတ်ခွဲ ထုတ်လုပ် ပေးနိုင်ဖို့ လိုအပ်ပေသည်။ လေလွင့်ဆုံးရှုံးမှုကြောင့် ဟာလာ ဆန်စက်များ ပိတ်ပင်ခဲ့ရသည်ရှိသော် ဟာလာဆန်စက် များ၏နေရာတွင် ကြိတ်ခွဲရေးအရည်အသွေး တိုးတက် ကောင်းမွန်သော၊ ဟာလာဆန်စက်များထက် သာလွန် ကောင်းမွန်သော ဆန်စက်ငယ်များအစားထိုး ထုတ်လုပ်ပေး ရမည်ဟူသော အဖြေထွက်ရှိလာပါသည်။

ဆန်စက်ကြီးများတွင် ဝမ်းစာစပါး သွားရောက်ကြိတ်ခွဲ ရာတွင် တစ်ကြိမ်လျှင် စပါး၂၅တင်းမှတင်း၁၀၀ထက်မနည်း ကြိတ်ခွဲပါမှ အဆင်ပြေနိုင်ပါသည်။ ဟာလာဆန်စက်များ မှာမူ သွားရောက်ကြိတ်ခွဲရလွယ်ကူခြင်း၊ပမာဏအရေအတွက် နည်းနည်းကိုလည်း လက်ခံကြိတ်ခွဲပေးနိုင်ခြင်း၊ ကုန်ကြမ်း ပေး ကုန်ချောယူသဘောအရ ထွက်ရှိလာသည့် ဆန်နှင့် ဆန်ထွက်ပစ္စည်းများကို စိတ်ကြိုက်စစ်ဆေး၍ လက်ခံနိုင် သည့်အတွက် တောင်သူလယ်သမား စိတ်ကျေနပ်မှု ရရှိစေ ခြင်း၊ စောင့်ဆိုင်းရန်မလိုသည့်အတွက် အချိန်ကုန်သက်သာ ခြင်းစသည့် အကျိုးများရှိနေသော်လည်း အဓိကပြဿနာမှာ အကျိုးအကြေများမှုပင်ဖြစ်ပါသည်။ ဟာလာဆန်စက်များ တစ်စတစ်စ တိုးပွားလာရခြင်းမှာ စက်တည်ဆောက်မှု စရိတ်နှင့် စက်လည်ပတ်မှုစရိတ် နည်းပါးခြင်းသည် အဓိက သော့ချက်ဖြစ်ပါသည်။ စက်တည်ထားလိုက်လျှင် လာရောက် အားပေးမည့် ဖောက်သည်များကလည်း အရန်သင့်မို့ ဈေးကွက်အထူးရှာဖွေနေရန်လည်းမလိုပါ။

နိုင်ငံတော်အနေဖြင့် ဟာလာဆန်စက်များသုံးစွဲခြင်း၏ ဆိုးကျိုးများကိုထောက်ပြ ပညာပေးနေသည့်နည်းတူ အရေးယူ ဆောင်ရွက်မှုများလည်း တစ်ဖက်ကလုပ်ဆောင်လျက်ရှိနေ ပါသည်။ထို့အတူ အများပြည်သူသို့လည်း ကြိတ်ခွဲရေး ဗဟုသုတများ အလျဉ်းသင့်သလိုဖြန့်ဖြူးပေးလျက်ရှိပါသည်။ ဆန်စက်ပြပွဲကြီးများ ကုန်စည်ပြပွဲကြီးများတွင် အလျဉ်း သင့်သလို ဆန်စက်များ ခင်းကျင်းပြသပေးလျက်ရှိသည်။

နိုင်ငံတော်က ဆန်စပါးရောင်းဝယ်ရေးမူဝါဒသစ်ကို ၂၃-၄-၂၀၀၃ရက်နေ့က စတင်ကြေညာခဲ့ပြီး ဖြစ်သည်။ အဆိုပါမူဝါဒသစ်အရ တိုင်းရင်းသားမည်သူမဆို ဆန်စပါး ရောင်းဝယ်ရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ခွင့် ရရှိလာ တော့မည့် အစီအစဉ်ကောင်း တစ်ရပ်လည်းဖြစ်ပါသည်။ ဤတွင် ဆန်ကောင်းရဖို့ စက်ကောင်းဖို့လည်း လိုသည်ဟူ သော အယူအဆ ဖြစ်ထွန်းလာသည်။ မူလဆန်မည်မျှ ကောင်းပါစေ ကြိတ်ခွဲလိုက်သောစက် မကောင်းပါက ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့ကြရမည်မှာ မလွဲကေန်ဖြစ်သည်။ သို့အတွက် ဆန်အရည်အသွေးပိုမိုကောင်းမွန်စေရေးအတွက် လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသော စပါး၊ စက်နှင့် လူတို့၏ကဏ္ဍများတွင် အရည်အသွေးမြင့်မားသော ဆန်စက် များရှိရန်မှာလည်း အရေးပါလျက်ရှိသည်။ ဆန်စက်များ အဆင့်အတန်းပိုမို တိုးတက်လာသည်နှင့်အမျှ အရည်အသွေး ပိုမိုမြင့်မားသော ဆန်များ ထုတ်လုပ်လာနိုင်ကြမှာဖြစ်ပြီး ပြည်ပတင်ပို့မှုတွင်လည်း များစွာအထောက်အကူပြုစေမှာ ဖြစ်သည်။

အထူးသဖြင့် မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ(၂၀၀၄)ကို ၂၀၀၄ခုနှစ် ဇန်နဝါရီလအတွင်းက အောင်မြင်စွာကျင်းပခဲ့ပြီး သည့်နောက် အကျိုးဆက်များအဖြစ် ဆန်စက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ခုနစ်ခုကိုဆက်လက်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ အဆိုပါကော်မတီ များမှာ - ဆန်စပါးလုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ရေး ဆပ်ကော်မတီ၊ စပါးလုံးရွေးထုတ်စက်နှင့် ဆန်ခါလုံး တီထွင်ထုတ်လုပ်ရေး ဆပ်ကော်မတီ၊ Wet Polisher(ရေဖြင့်ဆန်အရောင်တင်စက်)နှင့် Colour Sorter(ဆန်အရောင်မညီရွေးထုတ်စက်) တီထွင်ထုတ်လုပ် ရေး ဆပ်ကော်မတီ၊ စွမ်းအားပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ၊ မျိုးကောင်းမျိုးသန့် ထုတ်ယူနိုင်ရေး ဆပ်ကော်မတီ၊ ရော်ဘာကြိတ်လုံး စပါးအခွံချွတ်စက်နှင့် ဆန်ဖြူကျောက် ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၊ ဆန်စပါး လုပ်ငန်းဆိုင်ရာ ပညာပေးရေးနှင့် သတင်းဖြန့်ချိရေး ဆပ်ကော်မတီတို့ဖြစ်သည်။

ယခုဆိုလျှင် အဆိုပါ ဆန်စက်လုပ်ငန်းဖွံ့ဖြိုး တိုးတက် ရေးလုပ်ငန်းကော်မတီမှ ကိုရီးယားဆန်စက်ငယ် DJ-500ကို ပုံပြင်မွမ်းမံပြီး Model No PS-1, SW-1, SPAM-1 ဆန်စက်ငယ်များ အောင်မြင်စွာ တီထွင်ထုတ်လုပ်နိုင်ခဲ့ ပြီးဖြစ်ပါသည်။ ကိုရီးယားဆန်စက်ငယ် မူရင်း ၁၈၉၇ခုနှစ်က ဂျာမန်သိပ္ပံပညာရှင်ကြီး Engleberg တီထွင်ခဲ့သော ကော်ဖီကြိတ်စက် (Engleberg Huller)ကို အခြေခံတည်ဆောက်ထားခြင်းဖြစ်ပြီး မြန်မာ့ဆန်စက် လုပ်ငန်းပြပွဲ(၂၀၀၄)တွင် ပါဝင်ပြသခဲ့ကာ လူကြိုက်များ သော ဆန်စက်ငယ်တစ်မျိုးလည်းဖြစ်ပေသည်။ ကိုရီးယား ဆန်စက်ငယ်မူရင်း၏ အားနည်းချက်များကို နိုင်ငံ့အကြီး အကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ပြုပြင်နိုင်ခဲ့သည့် အတွက် ယခုထုတ်လုပ်လိုက်သော PS-1, SW-1, SPAM-1 ဆန်စက်ငယ်များသည် ကြိတ်ခွဲအား တိုးတက် လာခြင်း၊ ဆန်ထွက်နှုန်းတိုး၍ ဆန်အကျိုးအကြေ သက်သာလာခြင်း၊ စက်ယူနစ်များ သက်တမ်းကြာရှည် သုံးစွဲနိုင်ခြင်း၊ အဖျင်း၊ အမော်၊ ဖုန်၊ သဲ၊ ခဲများသန့်စင် သွားခြင်း၊ စားသုံးရန်အသင့်ရရှိလာခြင်း၊ တောရောမြို့ပါ လွယ်လင့်တကူသုံးစွဲနိုင်ခြင်း စသည့်အားသာချက်များဖြင့် အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဆန်စက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီသည် နိုင်ငံ့အကြီးအကဲများ၏ လုပ်ငန်းလမ်း ညွှန်မှုများကို ခံယူပြီး ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ တစ်ပိုင်တစ်နိုင်သုံး ဆန်စက်ငယ်များ တီထွင်ထုတ်လုပ် နိုင်ခဲ့ပါကြောင်းနှင့် ဆန်စက်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်း များကိုလည်း ဆက်လက်တီထွင် ထုတ်လုပ်နိုင်တော့မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ပညာရေးဆိုင်ရာလုပ်ငန်း ကော်မတီကကြီးမှူး၍ အပြည်ပြည် ဆိုင်ရာ ကုန်သွယ်မှုသင်တန်း အပတ်စဉ်(၃)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI Training Centre ၌ ကျင်းပသည်။

— ရှင်းလင်းပြောကြား —

အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က အမှာ စကားပြောကြားပြီး ပညာရေးဆိုင်ရာ

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင် က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။**(အောက်ပုံ)**

သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၆၀ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ကိုးရက်ဖြစ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၆-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၅** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
- **၄:၅၅** ၈။ မျိုးချစ်တပ်မတော်
- **၅:၀၅** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Myanmar Timber Elephants (အင်္ဂလိပ်စာ-အင်္ဂလိပ်စာအထူးပြု)
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း-၅)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"(ဒုတိယတွဲ) (အပိုင်း-၂၇)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။



တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဧရာဝတီတိုင်း၊ ကျောင်းကုန်းမြို့နယ်ရှိ ရန်ကုန်-ပုသိမ်လမ်းပေါ်တွင် ဒါးကမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ပေ ၁၄၀၀ရှည် ဒါးကတံတားကြီးကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-ကြေးမုံ)

မကွေးတိုင်း၊ မကွေးမြို့နယ်အတွင်း သန့်ရှင်းသော သောက်သုံးရေပေးဝေမှုလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စက်ရေတွင်းပြုပြင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေစဉ်။
(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီတို့၏ လှူဒါန်းငွေဖြင့် မြင်းခြံမြို့နယ်အတွင်း စက်ရေတွင်းများ တူးဖော်ပေးနေစဉ်။ (ဓာတ်ပုံ-၁၁၄)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး



ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့ရှိ ရွှေဘို-မြစ်ကြီးနား လမ်းပေါ်တွင် သရက်ချောင်းကို ဖြတ်ကျော်တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည့် ၁၉၆ပေရှည် ဟိုပင်တံတားကို တွေ့ရစဉ်။
(ဓာတ်ပုံ-ကြေးမုံ)



မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၄ရက်က မုံရွာတက္ကသိုလ်၌ မုံရွာတက္ကသိုလ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများ၊ သရုပ်ပြ၊ နည်းပြများ၊ ဆရာ၊ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အနာဂတ်နိုင်ငံတော်ကြီးကို ကာကွယ်တည်ဆောက်နိုင်သည့် ထူးချွန်သော လူ့အရင်းအမြစ်ပေါ် ပညာရှင်များ လုံလုံလောက်လောက်မရှိပါက တိုင်းပြည်ထူထောင်ရေးကို ထိထိမိမိဆောင်ရွ

✧ ရှေ့ဖုံးမှ

အအုံအတွင်း ခင်းကျင်းပြသထားသော နယ်လှည့်စာချ လှည်းယာဉ်၊ ပေ၊ ပုရပိုက်ပြခန်း၊ Education Resource Centre၊ စာအုပ်ပြခန်း၊ ကျောက်စာပြခန်းနှင့် မြန်မာမှုပြခန်း၌ ခင်းကျင်းပြသထားသော အမျိုးသား စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။

ရှေးဟောင်း မြန်မာစာပေရေးရာဌာန၌ ရှေးဟောင်း ပေ၊ ပုရပိုက်၊ ကျောက်စာများသာမက မြန်မာစာအုပ်၊ အင်္ဂလိပ်စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာများ သိမ်းဆည်းထားပြီး ပညာရှာမှီးလိုသူများ၊ ဗဟုသုတရှာမှီးလိုသူများနှင့် သုတေသီများ အလွယ်တကူ ဖတ်ရှုလေ့လာ သုတေသန ပြုနိုင်ကြမည်ဖြစ်သည်။

ကြိုဆို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မုံရွာတက္ကသိုလ်သို့ ရောက်ရှိကြရာ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်ထူးနှင့် ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများ၊ သရုပ်ပြ၊ နည်းပြများ၊ မုံရွာစီးပွားရေးတက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဦးအောင်မြင့်၊ ပါမောက္ခ/ဌာနမှူး၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

မှာကြား

အစီအစဉ်အရ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က မုံရွာတက္ကသိုလ်၌ ဖွင့်လှစ်ထားသော သင်တန်းများ၊ သင်ကြားပို့ချနေသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ ကွန်ပျူတာ ၁၃၃ လုံး အသုံးပြုသင်ကြားနေသော IT စာသင်ခန်းများ၊ ခန့်ထားပြီး ဝန်ထမ်းအင်အားနှင့် တည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ မုံရွာစီးပွားရေးတက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသော သင်တန်းများ၊ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ကွန်ပျူတာ ၁၂၁ လုံး အသုံးပြုသင်ကြားနေသော IT စာသင်ခန်းများ၊ ကျောင်းသားဦးရေ၊ ခန့်ထားပြီး ဝန်ထမ်းအင်အား၊ တည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းပြောကြားရာတွင် ယခုခရီးစဉ်အတွင်းတွင် စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်အတော်များများကို လှည့်လည်သွားရောက်ခဲ့ပြီး ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးဖွယ်ရာရှိသည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

ကလေးမြို့သို့ရောက်ရှိစဉ် ကလေးတက္ကသိုလ်၊ ကလေးနည်းပညာကောလိပ်များသို့ ရောက်ရှိသကဲ့သို့ မုံရွာမြို့၌လည်း မုံရွာ နည်းပညာကောလိပ် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပြီး လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း၊ ယခု မုံရွာတက္ကသိုလ်သို့ရောက်ရှိကြ ဆရာကြီး၊ ဆရာမကြီးများအား ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း။

ပညာတတ်များလိုအပ်

စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီမံခန့်ခွဲရေး စသည့် ကဏ္ဍအလိုက် လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးရာ၌ ကဏ္ဍအလိုက် တာဝန်ထမ်းဆောင်မည့် ဆရာများ၊ ဆရာဝန်များ၊ အုပ်ချုပ်ရေးမှူးများ၊ အင်ဂျင်နီယာများ စသည်ဖြင့် ပညာရှင်၊ ပညာတတ်များ လိုအပ်လျက်ရှိနေကြောင်း၊ နိုင်ငံတော်ကို ခေတ်မီတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ရာ၌ အတတ်ပညာရှင် လူ့အရင်းအမြစ် များစွာလိုအပ်လျက်ရှိရာ ယင်းအတတ်ပညာရှင်များကို တက္ကသိုလ်၊ ကောလိပ်များကပင် မွေးထုတ်ပေးရမှာဖြစ်၍ ဆရာကြီး၊ ဆရာမကြီးများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလှပါကြောင်း။

မိမိတို့တက္ကသိုလ်၊ကောလိပ်များသို့ ရောက်ရှိလာသည့် ကျောင်းသူ၊ ကျောင်းသားများကို ဘာသာရပ်အလိုက် ကျွမ်းကျင်တတ်မြောက်အောင်၊ ထူးချွန်ထက်မြက်သူများ ဖြစ်အောင်သင်ကြားပေးရမှာဖြစ်သကဲ့သို့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာရေးကိုပါ အလေးထား လေ့ကျင့်ပေးကြရန်၊ ထို့အပြင် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားနှင့် ကိုက်ညီအောင် ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း။

ကွက်လပ်မကျန်ဖွံ့ဖြိုးရေး

ပြည်ထောင်စု နိုင်ငံတော်ကြီး၌ တိုင်းရင်းသားညီအစ်ကို လူမျိုးနွယ်စု တစ်ရာကျော် စုစည်းနေထိုင်နေသည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်နေရန် အရေးကြီးကြောင်း၊ မိမိတို့လက်ထက်၌ နယ်စွန်နယ်ဖျားနယ်စပ်ဒေသများ ဖွံ့ဖြိုးရေး၊ ပြည်သူလူထု အများစုနေထိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အလေးထား ဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုကြီး ကွက်လပ်မကျန် ဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီးများ သတ်မှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

ရည်ရွယ်ချက်မှာ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများအကြား ကွာဟမှု၊ မြို့ပြနှင့် ကျေးလက်ဒေသအကြား ကွာဟမှု၊ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟနေမှုများကို လျော့နည်းကျဆင်းပြီး ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန် ၁၄ရက်က မုံရွာမြို့ ခုတင်-၂၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုးတက်ခိုင်မာရေးအတွက် ရေးရှု ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

တိုင်းပြည်ထူထောင်ရေး

နိုင်ငံတော်အစိုးရ၏ ယင်း သဘောထားနှင့် ရည်မှန်းချက်များကိုနားလည်သဘောပေါက်ပြီး အနာဂတ် နိုင်ငံတော်ကြီးကို ထိန်းသိမ်းကာကွယ် တည်ဆောက်နိုင်သည့် ထူးချွန်ထက်မြက်သော လူ့အရင်းအမြစ်များ ပေါ်ထွက်လာရန် အရေးကြီးကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်များ လုံလုံလောက်လောက် မရှိပါက တိုင်းပြည်ထူထောင်ရေးကို ထိထိမိမိ ဆောင်ရွက်နိုင်မှာ မဟုတ်ကြောင်း။

အနာဂတ်နိုင်ငံတော်ကို စစ်မှန်သည့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် တင်ပေးနိုင်ရန် ချမှတ်ထားပြီး ဖြစ်သည့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်ကြရာ၌ ဆရာကြီး၊ ဆရာမကြီးများကလည်း ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွပါဝင်ကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မုံရွာ စီးပွားရေးတက္ကသိုလ်သို့ သွားရောက်၍ စာသင်ဆောင်နှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မုံရွာမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်က မုံရွာခရိုင်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ရာသီဥတုအခြေအနေ၊ မိုးရွာသွန်းမှု၊ ၂၀၀၃-၂၀၀၄ ခုနှစ် စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံ၊ ကြံ၊ ဝါနှင့်အခြားနှံစားသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှု အခြေအနေ ၂၀၀၄-၂၀၀၅ ခုနှစ် စပါးအပါအဝင် သီးနှံအုပ်စုအလိုက်စိုက်ပျိုးမည့် အစီအစဉ်၊ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ဒေသဆီဖူလုံမှုအခြေအနေ၊ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ အပါအဝင် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စစ်ကိုင်းတိုင်း၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ နှစ်အလိုက် သီးနှံစိုက်ဧကများ အခြေအနေ၊ ဖွံ့ဖြိုးတိုးတက်လာမှု၊ ၂၀၀၃-၂၀၀၄ခုနှစ် အဓိကသီးနှံ၁၀မျိုး စိုက်ပျိုးထုတ်လုပ်မှု၊ ၂၀၀၄-၂၀၀၅ခုနှစ် မိုးသီးနှံစိုက်ပျိုးပြီးစီးမှု၊ ဒေသဝမ်းစာဖူလုံမှု အခြေအနေ၊ ဒေသဆီ ဖူလုံမှုအခြေအနေ၊ ၂၀၀၄-၂၀၀၅ခုနှစ်တွင် တိုင်းတစ်ခုလုံး၌ မိုးစပါး တိုးချဲ့စိုက်သွားမည့် အစီအစဉ်နှင့် သုံးနှစ်အတွင်း စပါးစိုက်ဧက သိန်း၂၀ ပြည့်မီစွာစိုက်ပျိုးမည့်အစီအစဉ်၊ သတ္တုကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ တိုင်း၏ ဂျီဒီပီတိုးတက်မှု အခြေအနေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော်နိုင်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းပြောကြားရာ၌ မိမိတို့၏ ယခုတစ်ခေါက်ခရီးစဉ်သည် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်သို့ သွားရောက်သည့် ခရီးစဉ်ဖြစ်ကြောင်း၊ သို့ရာတွင် ရာသီဥတု၏ အကန့်အသတ်များကြောင့် ချင်းပြည်နယ်သို့ မသွားနိုင်တော့ဘဲ စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်များသို့သာ တတ်နိုင်သမျှ ရောက်ရှိအောင်သွားရောက်ခဲ့ကြောင်း၊ ရောက်ရှိသည့် မြို့နယ်များ၏ လိုအပ်ချက်များကိုရော၊ မရောက်ရှိနိုင်သည့် မြို့နယ်များ၏ လိုအပ်ချက်များကိုပါ ပံ့ပံ့နှံ့နှံ့ ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ပညာရေးကဏ္ဍ၊ကျန်းမာရေးကဏ္ဍနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း။

မိမိနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းအတွက် အဓိကအရေးပါသည့် မြစ်သာမြစ်ကူး(ကလေးဝ) တံတား ဖွင့်ပွဲကိုလည်းတက်ရောက်ခဲ့ကြောင်း၊ ယင်းတံတားနှင့် ယင်းတံတားတည်ရှိသော မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းသစ်သည် မုံရွာနှင့်ကလေးဝ အကြား မဟာမြိုင်တောကို မဖြတ်တော့ဘဲ ခရီးတိုအောင် တိုက်ရိုက်ဆက်သွယ် ဖောက်လုပ်ထားသည့် လမ်းဖြစ်၍ ခရီးအကွာအဝေးကျုံ့သွားသည့်အပြင် ခရီးသွားချိန်ကိုလည်း လျော့နည်းသွားစေကြောင်း၊ ယခင်က ကားလမ်းမရှိသဖြင့် ချင်းတွင်းမြစ်ကြောင်းလမ်းကိုသာ ခက်ခက်ခဲခဲသွားလာနေခဲ့ရသည့် လမ်းတစ်လျှောက်ရှိ မြို့ပြများနှင့် ကျေးရွာများသည် ယခုဖြစ်ထွန်းလာသည့်လမ်းနှင့် တံတားကြောင့် လွယ်ကူစွာသွားလာကူးသန်းနိုင်ပြီဖြစ်ကြောင်း၊ ချင်းပြည်နယ်မှ တိုင်းရင်းသားများသည်လည်း မြေပြန့်နှင့် ပိုမိုမြန်ဆန်စွာဆက်သွယ်သွားလာနိုင်ပြီဖြစ်သည့်အပြင် အိန္ဒိယနိုင်ငံနှင့် ဆက်စပ်လုပ်ကိုင်နေသည့် နယ်စပ်ဒေသကုန်သွယ်ရေးမှာလည်း ပိုမိုဖွံ့ဖြိုးလာမှာဖြစ်ရာ ဤလမ်းကြီးသည် စီးပွားကုန်သွယ်ရေးအပြင် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွက် အဓိကအရေးပါသော လမ်းကြောင်းဖြစ်လာကြောင်း။

တက်ညီလက်ညီကြိုးစား

နယ်မြေကျယ်ဝန်းပြီး စိုက်ပျိုးရေ
နှင့် စီးပွားကုန်သွယ်မှုအရ အရေးပ
သော စစ်ကိုင်းတိုင်းအတွက် နိုင်င
တော်အပိုင်းက အမှန်တကယ် လိုအ
သော စီးပွားရေးအခြေခံ အဆောက်
အအုံများ၊ လမ်းပန်းဆက်သွယ်ရေ
အခြေခံ အဆောက်အအုံများ၊ ပညာ
ရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေ
အဆောက်အအုံများကို တည်ဆောက်
ထူထောင်ပေးခဲ့ပြီဖြစ်၍ မြေသယံဇာတ
နှင့် ရေသယံဇာတ ပေါကြွယ်ဝသည
စစ်ကိုင်းတိုင်းသည် အထက်မြန်မ
ပြည်၌ စိုက်ပျိုးရေးအရ အချက်အချ
ကျသော၊အားကိုးရသောတိုင်း ဖြစ်လ
အောင် ဒေသခံ ပြည်သူများရေ
ဝန်ထမ်းများကပါ တက်ညီလက်ညီ
ကြိုးစားကြရန် လိုအပ်ကြောင်
အားထုတ်ကြိုးပမ်းကြမည် ဆိုပါက
စစ်ကိုင်းတိုင်းသည် အထက်မြန်မ
ပြည်၏ စပါးကျီ၊ အထက်မြန်မာပြ
၏ ဆီအိုးကြီးဖြစ်လာမှာ သေချ
ကြောင်း၊ နိုင်ငံတော်အပိုင်းက တည
ဆောက်ပေးထားသော ဆည်တမံများ
နှင့် မြစ်ရေတင်စခန်းများ၏ အကျိုးကြ
မှုကြောင့် တိုင်းနယ်မြေအတွင
ဆည်ရေသောက် ဧရိယာမှာလည
သိသာစွာ တိုးတက်လာနေပြီ ဖြစ
ကြောင်း။

တည်ဆောက်ပေး

စစ်ကိုင်းတိုင်းကဲ့သို့ပင် နိုင်င
တစ်ဝန်းလုံးရှိ အခြားပြည်နယ် တိုင
များ၌လည်း စိုက်ပျိုးရေ ရရှိရေ
လမ်းပန်းဆက်သွယ်မှု တိုးတက
ကောင်းမွန်ရေး၊ ပညာရေးအဆ
အတန်း မြင့်မားရေး၊ ပညာထူးချွ
ထက်မြက်သော လူသားအရင်းအမြ
များ မွေးထုတ်ရေး၊ ကျန်းမာရေ
စောင့်ရှောက်မှု အဆင့်အတန
တိုးတက် မြင့်မားရေးတို့အတွက
လိုအပ်သော အခြေခံ အဆောက်အအ
များကို နိုင်ငံတော်အပိုင်းက လစ်ဟင
မှု မရှိစေဘဲ ရင်းနှီးမြှုပ်နှံတည်ဆောက
ပေးလျက်ရှိကြောင်း။

မျှတစွာသုံးစွဲ

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက
လိုအပ်သောအခြေခံများကို တည
ဆောက်ထူထောင်ပေးရာ၌ နိုင်ငံတော
တွင် နေ့ဥစ္စာပေါကြွယ်ဝနေ၍ မဟုတ
ဘဲ၊ ရှိသည့်ငွေကြေးကို ခြိုးခြ
ချွေတာ၍ တိုင်းရင်းသားအားလုံ
အတွက် မျှတစွာ သုံးစွဲရင်းနှီးမြှုပ်နှံပေ
နေခြင်းဖြစ်ကြောင်း။

အခွင့်အလမ်းများ

တစ်ဖက်က နိုင်ငံတော် ဖွံ့ဖြ
တိုးတက်ရေးအတွက် အခြေခံကောင
များ တည်ဆောက်ပေးရင်း တစ်ဖက
ကလည်း စီးပွားရေးကဏ္ဍ၌ ပုဂ္ဂလိက
များ၏ လုပ်ပိုင်ခွင့် အခွင့်အလမ်းမျာ
ကို ခွင့်ပြုအားပေးလျက်ရှိကြောင်း
ထို့ကြောင့် တိုင်းရင်းသားပုဂ္ဂလိက
လယ်ယာလုပ်ငန်းရှင်များ၊တည်ဆောက
ရေးလုပ်ငန်းရှင်များ၊ ဆီအုန်းလုပ်ငန
ရှင်များ၊ ငါးပုစွန် မွေးမြူရေးလုပ်ငန
ရှင်များ စသည်ဖြင့် ပုဂ္ဂလိကစီးပွားရေ
အင်အားသစ်များ ပေါ်ထွက်လာခြင
ကြောင့် စီးပွားရေးကဏ္ဍ၌ ပုဂ္ဂလိက

...လူ့အရင်းအမြစ်ပေါ်ထွက်ရန် အရေးကြီး
...းကို ထိထိမိမိဆောင်ရွက်နိုင်မည်မဟုတ်

တက်ညီလက်ညီကြိုးစား

နယ်မြေကျယ်ဝန်းပြီး စိုက်ပျိုးရေးနှင့် စီးပွားကုန်သွယ်မှုအရ အရေးပါသော စစ်ကိုင်းတိုင်းအတွက် နိုင်ငံတော်အပိုင်းက အမှန်တကယ် လိုအပ်သော စီးပွားရေးအခြေခံ အဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေး အခြေခံ အဆောက်အအုံများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများကို တည်ဆောက်ထူထောင်ပေးခဲ့ပြီဖြစ်၍ မြေသယံဇာတနှင့် ရေသယံဇာတ ပေါကြွယ်ဝသည့် စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၌ စိုက်ပျိုးရေးအရ အချက်အချာကျသော၊အားကိုးရသောတိုင်း ဖြစ်လာအောင် ဒေသခံ ပြည်သူများရော၊ ဝန်ထမ်းများကပါ တက်ညီလက်ညီ ကြိုးစားကြရန် လိုအပ်ကြောင်း၊ အားထုတ်ကြိုးပမ်းကြမည် ဆိုပါက စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏ စပါးကျီ၊ အထက်မြန်မာပြည်၏ ဆီအိုးကြီးဖြစ်လာမှာ သေချာကြောင်း၊ နိုင်ငံတော်အပိုင်းက တည်ဆောက်ပေးထားသော ဆည်တမံများနှင့် မြစ်ရေတင်စခန်းများ၏ အကျိုးပြုမှုကြောင့် တိုင်းနယ်မြေအတွင်း ဆည်ရေသောက် ဧရိယာမှာလည်း သိသာစွာ တိုးတက်လာနေပြီ ဖြစ်ကြောင်း။

တည်ဆောက်ပေး

စစ်ကိုင်းတိုင်းကဲ့သို့ပင် နိုင်ငံတစ်ဝန်းလုံးရှိ အခြားပြည်နယ် တိုင်းများ၌လည်း စိုက်ပျိုးရေ ရရှိရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ ပညာရေးအဆင့်အတန်း မြင့်မားရေး၊ ပညာထူးချွန်ထက်မြက်သော လူသားအရင်းအမြစ်များ မွေးထုတ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း တိုးတက် မြင့်မားရေးတို့အတွက် လိုအပ်သော အခြေခံ အဆောက်အအုံများကို နိုင်ငံတော်အပိုင်းက လစ်ဟင်းမှု မရှိစေဘဲ ရင်းနှီးမြှုပ်နှံတည်ဆောက်ပေးလျက်ရှိကြောင်း။

မျှတစွာသုံးစွဲ

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအခြေခံများကို တည်ဆောက်ထူထောင်ပေးရာ၌ နိုင်ငံတော်တွင် ဓနဥစ္စာပေါကြွယ်ဝနေ၍ မဟုတ်ဘဲ၊ ရှိသည့်ငွေကြေးကို ခြိုးခြံချွေတာ၍ တိုင်းရင်းသားအားလုံးအတွက် မျှတစွာ သုံးစွဲရင်းနှီးမြှုပ်နှံပေးနေခြင်းဖြစ်ကြောင်း။

အခွင့်အလမ်းများ

တစ်ဖက်က နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ တည်ဆောက်ပေးရင်း တစ်ဖက်ကလည်း စီးပွားရေးကဏ္ဍ၌ ပုဂ္ဂလိကများ၏ လုပ်ပိုင်ခွင့် အခွင့်အလမ်းများကို ခွင့်ပြုအားပေးလျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပုဂ္ဂလိက လယ်ယာလုပ်ငန်းရှင်များ၊တည်ဆောက်ရေးလုပ်ငန်းရှင်များ၊ ဆီအုန်းလုပ်ငန်းရှင်များ၊ ငါးပုစွန် မွေးမြူရေးလုပ်ငန်းရှင်များ စသည်ဖြင့် ပုဂ္ဂလိကစီးပွားရေးအင်အားသစ်များ ပေါ်ထွက်လာခြင်းကြောင့် စီးပွားရေးကဏ္ဍ၌ ပုဂ္ဂလိကများ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုသည် ပိုမိုကျယ်ပြန့်လာနေပြီဟု ဆိုရမှာ ဖြစ်ကြောင်း။

တိုင်းပြည်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စက်မှုကဏ္ဍပါ တစ်ပါတည်း ဖွံ့ဖြိုးလာအောင် ပုဂ္ဂလိကစက်မှုကဏ္ဍကိုလည်း တိုးတက်အောင် အားပေးလျက်ရှိရာ မုံရွာစက်မှုဇုန်၊ ကလေးစက်မှုဇုန်များအပါအဝင် ပုဂ္ဂလိကစက်မှုဇုန်၁၉ဇုန်အထိ ဖြစ်ပေါ်လာသည့်အပြင် စက်မှုဇုန်ခွဲများလည်း ထပ်မံ ထွက်ပေါ်လာနေကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်နေသော သီးခြားစက်မှုဇုန်များလည်း ရှိနေသေးကြောင်း။

စနစ်တကျလုပ်ကိုင်နေ

နိုင်ငံတော်ကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ အခြေခံစိုက်ပျိုးရေးကဏ္ဍကိုသာမက အခြားစီးပွားရေးကဏ္ဍများ၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံမှ ဟန်ချက်ညီစွာ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာအောင် စနစ်တကျ စီမံလုပ်ကိုင်လျက်ရှိကြောင်း။

မနားမနေကြိုးပမ်း

တိုင်းရင်းသား ပြည်သူများ၏ စီးပွားရေးဘဝ တိုးတက်ခိုင်မာရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာရေးတို့အတွက် ရည်မျှော်၍ ကြိုးပမ်းဆောင်ရွက်ရာ၌ ပြည်သူအားလုံး တစည်းတလုံးတည်း တက်ညီလက်ညီ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှတစွာ ဖွံ့ဖြိုးလာရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြဲနိမ့်မြင့်ကွာဟနေမှုများ လျော့နည်းကျဉ်းမြောင်းစေရေးအတွက် ဆောင်ရွက်သင့်သည်များကို ဘက်ပေါင်းစုံမှ မနားမနေ ကြိုးပမ်းလျက်ရှိကြောင်း။

တက်ညီလက်ညီဆောင်ရွက်

နိုင်ငံတော်၏ အနာဂတ်ခိုင်မာစေရေး၊ ပြည်ထောင်စုကြီး အခွန့်ရှည်စွာ ထည်ထည်ဝါဝါ ရပ်တည်နိုင်ရေး၊ စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရေးတို့အတွက် မိမိနိုင်ငံ၏ အခြေအနေများနှင့် လိုက်လျောညီထွေသည့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီးလည်းဖြစ်ကြောင်း၊ ယင်းမူဝါဒလမ်းစဉ်နှင့်အညီ အောင်မြင်စွာ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသည် ပထမဆုံးအဆင့်ဖြစ်ပြီး အရေးအကြီးဆုံး အဆင့်လည်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံ အပါအဝင် မူဝါဒလမ်းစဉ်(၇)ရပ်လုံးကို တစ်ဆင့်ပြီးတစ်ဆင့် အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်အောင် ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူအားလုံးက တက်ညီလက်ညီ တက်တက်ကြွကြွ ပူးပေါင်းပါဝင် အကောင်အထည်ဖော်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မုံရွာမြို့ အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအားပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြန်လည်ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မုံရွာလေဆိပ်သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၄ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၄ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ မုံရွာမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ရေလုံသင်္ဘောကျင်းတည်ဆောက်ပြီးစီးမှု စစ်ဆေး

ရန်ကုန် ဇွန် ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ယနေ့နံနက် ၉နာရီတွင် မြန်မာ့သင်္ဘောကျင်း လုပ်ငန်း တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်း တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးပါစီမောင်မောင်က ရေလုံသင်္ဘောကျင်း တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်လုပ်ဆောင်မည့် အစီအမံများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် တန်ချိန် ၁၂၀၀၀ရေလုံသင်္ဘောကျင်းရှိ ရေတံခါးပြီးစီးမှု၊ ရေလုံကျင်းနံရံများ အချောသပ်တည်ဆောက်နေမှု၊ Portal Crane အတွက် လမ်းကြောင်းများ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးပါစီမောင်မောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကမ်းနားလမ်းနှင့် ဗားဂရာလမ်းဆုံအနီး ကမ်းထိန်းနံရံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများက ကမ်းနားလမ်းနှင့် ဆိပ်ကမ်းနယ်မြေများ လှပသန့်ရှင်းရေးနှင့် အဆင့်မြင့် တည်ဆောက်ရေးကိစ္စနှင့်ပတ်သက်၍ ကမ်းထိန်းနံရံများ တည်ဆောက်ထားမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်းသို့ ရောက်ရှိကြပြီး အလုံသင်္ဘောကျင်းတွင် သင်္ဘောများ လွှန်းတင်ပြင်ဆင်မှု၊ လွှန်းလမ်းများပြုပြင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်းရှိ အစည်းအဝေးခန်းမသို့ ရောက်ရှိရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက ရေယာဉ်များ နှစ်ပတ်လည် ကျင်းတင်ပြင်ဆင်မှု၊ ဝန်ထမ်းအင်အား၊ မိုးရာသီရေယာဉ်များသွားလာနိုင်မှု၊ ရေယာဉ်အသေးစားနှင့်အကြီးစားတည်ဆောက်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

ဆရာဝန်အသင်း ဆေးပညာ စာပေးစာယူသင်တန်း ဖွင့်မည်

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် CMEက ကြီးမှူးဖွင့်လှစ်သော အနယ်နယ်အရပ်ရပ်မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Common Clinical Problems (Year -2004) စာပေးစာယူသင်တန်းကို ဇွန် ၂၂ရက်မှ ဩဂုတ် ၂၂ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များသည် ရုံးချိန်အတွင်း အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းရုံး ရုံးအဖွဲ့မှူး ဖုန်း- ၃၇၈၈၆၃ နှင့် ၂၈၅၁၆၉ တို့ထံ ဆက်သွယ်စုံစမ်းစာရင်းသွင်း သင်တန်းတက်ရောက်နိုင်သည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇွန် ၁၈ရက်မှ ၂၀ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ်မြောက် အာရှပတ်လည် မြားပစ်ပြိုင်ပွဲ (၂၀၀၄)တွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် လက်ရွေးစင်မြားပစ်အဖွဲ့သည် ဇွန် ၁၆ရက်က လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာကြရာ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း (ACE ဆောက်လုပ်ရေး)နှင့် အား/ကာမှ တာဝန်ရှိသူများ လိုက်ပါပို့ဆောင်ကြစဉ်။

(မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်)

❀ **ကျောဖုံးမှ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရာမောင်တံတား၏ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တံတားကြီးကို ကျွမ်းကျင်ပညာရှင်များက မပြတ်စစ်ဆေး၍ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်သင့်လုပ်ထိုက်သည်များ ဆောင်ရွက်ရန် မှာကြားသည်။

ရာမောင်တံတားမှာ အရှည်ပေ ၁၃၀၀ရှိ ကြိုးတံတားဖြစ်ပြီး ၁၉၉၉ ခုနှစ်က ဖွင့်လှစ်ခဲ့သော တံတားဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မိုင်တိုင်အမှတ် ၈၆ မိုင်ခုနှစ်ဖာလုံသို့ရောက်ရှိကြပြီး မိုးရာသီအတွင်း မော်တော်ယာဉ်များလွယ်ကူချောမွေ့စွာ သွားလာနိုင်ရန် ချောင်းကျောက်ခင်း၍ လမ်းပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက်အင်ဂျင်နီယာချုပ်ဦးစိုးမြင့်နှင့် ပြည်နယ်အင်ဂျင်နီယာမှူး ဦးသိန်းကျော်တို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကြက်တက်ချောင်းရေလှောင်တမံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မင်းပြားမြို့နယ်ကမ်းနီကျေးရွာအနီးရှိ ကြက်တက်ချောင်း ရေလှောင်တမံလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကြက်တက်ချောင်းရေလှောင်တမံသည် မင်းပြားမြို့နယ်ကမ်းနီကျေးရွာအရှေ့ဘက် လေးမိုင်အကွာရှိ ကြက်တက်ချောင်း၌ တည်ဆောက်ထားခြင်းဖြစ်ပြီး ရေဆင်းဧရိယာမှာ ဒသမ ၃မိုင်၊ တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံအမြင့် ၃၈ပေ၊ တမံအလျားပေ ၄၂၀၊ ရေလှောင်ပမာဏမှာ ဂါလန်သန်း ၂၀ဖြစ်ပြီး ကမ်းနီကျေးရွာအနီးပတ်ဝန်းကျင်ဒေသများကိုသောက်သုံးရေပေးဝေနိုင်ရန်အတွက် တည်ဆောက်ခြင်းဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကြာအင်းတောင် နယ်မြေခံတပ်သို့သွားရောက်ကြပြီး နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အရာရှိ၊ စစ်သည် မိသားစုဝင်များ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးတို့ကို တာဝန်ရှိသူ အဆင့်ဆင့်က ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ မိသားစုဝင်ငွေ တိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြရေး မှာကြားသည်။

ထန်းတင်တံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် အဖွဲ့ဝင်များသည် မွမ်းမံတည်ဆောက်လျက်ရှိသည့် ထန်းတင်တံတားလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာချုပ်ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ထန်းတင်တံတားမှာ သစ်သားတံတား အမျိုးအစားဖြစ်ပြီး မူလအရှည်ပေ ၄၀မှ ယခု၄၈ပေအထိ မွမ်းမံတိုးချဲ့ ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာလာကြရာ မိုင်တိုင်အမှတ် ၅၄/၂ မောင်းချောင်းတောင်သို့ ရောက်ရှိပြီး အတက်အဆင်း ပိုမိုပြေပြစ်စေရန် ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

မှာကြားဖြည့်ဆည်း

ထို့နောက်အင်ဂျင်နီယာချုပ်ဦးစိုးမြင့်၊ ပြည်နယ်အင်ဂျင်နီယာမှူး ဦးသိန်းကျော်နှင့် အင်ဂျင်နီယာမှူး ဦးမောင်မောင်ဆယ်တို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မောင်းချောင်းတောင်လမ်းကို အတက်အဆင်း မတ်စောက်မှုကြောင့် ပြေပြစ်စေရန် လမ်းကို မူလအမြင့်ထက် ပေ ၄၀ခန့် နိမ့်ကျသွားအောင် စက်ယန္တရားကြီးများဖြင့် ဖြိုချပြုပြင် ဆောင်ရွက်ထားရကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ယောချောင်းတံတား ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းအား ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးအုန်းလွင်က အမ်း-စစ်တွေ လမ်းအပိုင်း(၁)အမ်းမှ ယောချောင်းအပိုင်း၌ မိုင်တိုင်၀/၀မှ ၅၃/၀ အတွင်း ကတ္တရာလမ်း ၁၃မိုင် မွမ်းမံခင်းကျင်းပြီးစီးမှု၊ ၂၀၀၄-၂၀၀၅ခုနှစ်တွင် ကတ္တရာနှင့် ကျောက်ချောလမ်း မွမ်းမံခင်းကျင်းရန် စီစဉ်ထားမှု၊ ပြုပြင်မွမ်းမံသွားမည့် အစီအစဉ်များ၊ တံတားလတ်နှင့် တံတားငယ် ၃၇စင်းကို အခိုင်အမာတံတားအဖြစ် ပြုပြင်ရန် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

စဉ်ဆက်မပြတ်စစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ယခုနှစ် မိုးရာသီအတွင်း ယာဉ်များသွားလာမှု လွယ်ကူမြန်ဆန်စေရေးအတွက် လိုအပ်သည့် လမ်း/တံတားပြုပြင်မွမ်းမံမှုများကို စဉ်ဆက်မပြတ်စစ်ဆေးဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ယောချောင်းတံတားသို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာချုပ် ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက တံတားကြီး ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ယောချောင်းတံတားမှာ အရှည်ပေ ၁၁၀၀ရှိ ဘေလီအမျိုးအစား တံတားဖြစ်ပြီး ၁၉၉၉ ခုနှစ်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စစ်တွေ-အမ်း လမ်းအပိုင်းကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေး၍ဆင်လန်တောင်သို့ရောက်ရှိကြပြီး မိုင်တိုင် ၄၈နှင့် ၄၉အကြား အနည်းငယ် မတ်စောက်နေသောလမ်းအပိုင်းကိုယခုထက်အတက်/အဆင်း ပိုမိုပြေပြစ်စေရန် ဆောင်ရွက်နိုင်မည့်နည်းလမ်းနှင့် နေရာများအား ကြည့်ရှု၍ တာဝန်ရှိသူများနှင့် ဆွေးနွေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြပြီး အမ်းမြို့နယ် ကဇုကိုင်းကျေးရွာသို့ ရောက်ရှိကြသည်။

တွေ့ဆုံမေးမြန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ကဇုကိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ကျေးရွာအခြေအနေများကို မေးမြန်းသည်။

ရှေးဦးစွာကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် ဒေသခံပြည်သူတို့က ကျေးရွာ၏ အခက်အခဲနှင့် လိုအပ်ချက်များကို တင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ကဇုကိုင်းကျေးရွာ အုပ်စု၌ သောက်သုံးရေရရှိရေး၊ လေမုန်တိုင်းကြောင့်ပြိုကျသွားသည့် ကျောင်းဆောင်အစား ထပ်မံ၍ ကျောင်းဆောင်အသစ်ဆောက်လုပ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မဲတောင်ချောင်းတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မဲတောင်ချောင်းတံတားသို့ရောက်ရှိပြီး သစ်သားတံတားကို အခိုင်အမာ ကွန်ကရစ်တံတားအဖြစ် ပြုပြင်ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ အမ်းမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း စစ်ဆေး

ရန်ကုန် ဇွန် ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ညွှန်ကြားရေးမှူး ဦးသီရိတင်၊ ဦးရဲတင့်နှင့် ဦးလကျာ်အောင်တို့ လိုက်ပါလျက် ဇွန် ၁၂ရက်တွင် ပဲခူး၊ ကျောက်တံခါး၊ ဖြူး၊ အုတ်တွင်းမြို့နယ်များအတွင်း ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ ရေတာရှည်မြို့နယ် စိုင်းရကြိုးဝိုင်း ကျွန်းစိုက်ခင်းဧက ၁၃၀၀ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဇွန် ၁၃ ရက် ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေဆင်း သစ်တော တက္ကသိုလ်နှင့် သုတေသနဌာန ဆရာ၊ ဆရာမ၊ တာဝန်ရှိသူဝန်ထမ်းများအား တွေ့ဆုံဆွေးနွေး၍ လိုအပ်ချက်များကို မှာကြားသည်။

ဇွန် ၁၄ရက်တွင် ငလိုက်ကြိုးဝိုင်း သုတေသန၊ ကျွန်း၊ ပိတောက်၊ ဝါး စိုက်ခင်းများ၊ တောင်တွင်းကြီးမြို့နယ် ကင်ပွန်းတောင်ကြိုးဝိုင်း ကျွန်းဧက၃၀၀ စိုက်ခင်း၊ အောင်လံမြို့နယ်အတွင်း သစ်တောစိုက်ခင်းများ ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဇွန် ၁၅ရက်တွင် သဲကုန်းမြို့ ရှားပြင်ကြိုးဝိုင်း ရေတိုက်စား၊ သဲနုန်းပို့မှုကြောင့် စိုက်ပျိုးမြေပျက်စီးမှုနှင့် နုန်းတားအပင်များစိုက်ပျိုးရေး၊ ကျွန်းစိုက်ခင်း စိုက်ပျိုးမည့်နေရာများ ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။(သတင်းစဉ်)

စစ်ဆေးကြည့်ရှု

သစ်တောရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း ပဲခူးရိုးမ အနောက်ခြမ်း ပြည်ခရိုင် အတွင်းရှိ သစ်တောလုပ်ငန်းများ စစ်ဆေးကြည့်ရှုစဉ်။

(သစ်တောရေးရာ)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား "အဖေ့နေရာ" ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၁၆

အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည ၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ ညပိုင်းတွင် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ် ရိုက်ကူးပြီး သရုပ်ဆောင် ဒွေး၊ မေသန်းနု၊ သားညီ၊ မျိုးသန္တာထွန်း၊ကြည်လဲ့လဲ့ဦးတို့ ပါဝင်သရုပ်ဆောင်ထားသည့်**"အဖေ့နေရာ"** ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ တင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်စိမ်းလဲ့ကန်သာ တက္ကသိုလ်ရိပ်သာလမ်း အမှတ်-၁၁၆(ဒီ)နေ ကွယ်လွန်သူ ဦးရှောင်၊ ဒေါ်ရှင်တို့၏ကျန်ရစ်သူ မိသားစုတို့က အထွေထွေပဒေသာ ပင်နှင့်သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ်ငါးသိန်းနှင့် KX3L Oxygen Concentrator တစ်လုံး၊ ဘီးတပ်ကုလားထိုင်တစ်စီးနှင့် ဆေးရုံသုံးခုတင်တစ်လုံးတို့ကို ဇွန် ၆ ရက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗုဒ္ဓဘာသာ ကလျာဏယုဝ (YMBA)အသင်း(၅၅)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲအောင်မြင်သူ မင်္ဂလာလူရည်ချွန် ဆုချီးမြှင့်ပွဲကို ဇွန် ၁၂ ရက်က အသင်းခန်းမ၌ ပြုလုပ်ရာ၊ မြန်မာနိုင်ငံတစ်ဝန်းလုံး မင်္ဂလာလူရည်ချွန် ပထမဆုရ မသဇင်သက်စုတင် (ကျောက်တန်းမြို့နယ်) အား၊ အကောက်ခွန်ဦးစီးဌာနမှ ဒေါ်နုနုလွင်က ဆုချီးမြှင့်စဉ်။ (၂၃)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၆-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၁၀ ၆။ အကပဒေသာ
၈:၂၅ ၇။ ဆပ်သွားတံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၃၀ ၇။ မြန်မာစာမြန်မာစကား
၅:၄၅ ၈။ ချင်းတို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
၅:၅၅ ၉။ **"အားဆေး" (မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိန္ဒြေထွန်း) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
၆:၀၀၁၀။ တေးဂီတအစီအစဉ်
၆:၁၅၁၁။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆:၃၀၁၂။ ညနေခင်းသတင်း
၇:၀၀၁၃။ မိုးလေဝသအခြေအနေ
၇:၀၅၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးနတ်မယ် (အပိုင်း-၃၁)**
၇:၃၅ ၁၅။ တေးဂီတအစီအစဉ်
၇:၄၅၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၈:၀၀၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "မမေ့နဲ့နော်" (အပိုင်း-၁) (ကျော်ဟိန်း၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ-ကျော်ဇေလင်း)**
၁၀:၃၀၂၁။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (အင်္ဂလန် နှင့် ဆွစ်ဇာလန်)**
၀၁:၁၅၂၂။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ခရိုအေးရှား နှင့် ပြင်သစ်)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့်တာဝန်ရှိသူများ ပြည်နယ်၊ တိုင်း၊ ဒေသအသီးသီးသို့ သွားရောက် ဒေသလိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးလျက်ရှိသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာလာ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးတက်အောင်မြင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး မိုင်းငေါ့–မိုးမိတ်လမ်းအပိုင်း ပြင်ဆင်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်အတူ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှထွက်ခွာလာရာ ကျောက်မဲခရိုင် ကျောက်မဲမြို့သို့ ရောက်ရှိကြသည်။

ယင်းမှတစ်ဆင့် ကျောက်မဲ–မိုင်းငေါ့ လမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ နံနက် ၁၁ နာရီတွင် ကျောက်မဲမြို့မှ ၂၈ မိုင်ကွာဝေးသည့် ကွန်ကောက်ကျေးရွာသို့ရောက်ရှိကြသည်။

နွေစပါးခင်းကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် ကျောက်မဲ–မိုင်းငေါ့ကားလမ်းဘေးရှိ ဒေသခံတောင်သူများစိုက်ပျိုးထားသည့် ရိတ်သိမ်းရန်အသင့်ဖြစ်နေသော ဆင်းရွှေလီနွေစပါးခင်းများ၊ ရိတ်သိမ်းပြီး နွေစပါးများကို ခြွေလှေ့စက်များဖြင့် ခြွေလှေ့နေမှုများ၊ မိုးစပါးစိုက်ပျိုးရန် ထွန်ယက်ပြင်ဆင်ထားသောလယ်ကွင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် ဒေသခံကျေးရွာမှဦးကျော်ကျော်၏အောင်သပြေ(ATP)အချိုခြောက်စက်ရုံသို့ ရောက်ရှိကြပြီး လက်ဖက်ရွက်အစိုမှ အချိုခြောက်ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အောင်သပြေလက်ဖက်အချိုခြောက်စက်ရုံသည် ဒေသခံ ကျေးရွာများမှ စိုက်ပျိုးထွက်ရှိသည့်လက်ဖက်များကို အချိုခြောက်ကုန်ချောအဖြစ် ထုတ်လုပ်ပေးလျက်ရှိပြီး တစ်ရက်လျှင် တစ်အိတ် ပိဿာ၄၀ရှိ အချိုခြောက် ၁၅အိတ်ခန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်းသိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် မိုင်းငေါ့ကျေးရွာသို့ ရောက်ရှိကြရာ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် မွန်းလွဲပိုင်းတွင် မိုင်းငေါ့အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆရာ ဆရာမများ၊ ရပ်မိ ရပ်ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ မိုင်းငေါ့ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းက မိုင်းငေါ့ကျေးရွာနှင့် သက်ဆိုင်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မိုင်းငေါ့အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းသိန်းရှင်က ကျောင်း၏ သမိုင်းအကျဉ်း၊ အကျယ်အဝန်း၊ ပညာရေးဝန်ထမ်းအင်အား၊ ကျောင်းသားဦးရေ၊ ပညာရည်ထူးချွန်မှု၊ ပညာသင်ကြားပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် မိုင်းငေါ့အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ကြားမှု သင်ယူမှုအထောက်အကူပြုပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံမှာကြားပွဲသို့ တက်ရောက်လာသည့် ပရိသတ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် သင်ကြားမှု သင်ယူမှု အထောက်အကူပြုစာသင်ခန်းများ ဖွင့်လှစ်ရန် ပြင်ဆင်ထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် ကျောက်မဲမြို့နယ် မိုင်းငေါ့ တိုက်နယ်ဆေးရုံသို့ရောက်ရှိကြရာ တိုက်နယ်ဆရာဝန် ဒေါက်တာကူးမားနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအားကြည့်ရှု၍ ကျန်းမာရေးအခြေအနေများမေးမြန်းကာ အားပေးစကားပြောကြားပြီး အမြွာပူးမွေးမိခင်ဖြစ်သူ နမ့်ဆန်မြို့နယ် နမ့်တွေကျေးရွာမှ ဒေါ်နန်းသိန်းနှင့် လူနာများအားထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ ဆေးစတိုခန်းသို့ဝင်ရောက်ကြည့်ရှုပြီး လူနာများအတွက် လိုအပ်သော အထူးသဖြင့် ငှက်ဖျားကုသရေးဆေးဝါးများကို ကြိုတင်စုဆောင်းထားရှိရန်၊ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပိုမိုမြှင့်တင်ပေးရန် ပြည်နယ်ဆရာဝန်ကြီး ဒေါက်တာညွန့်ဝင်းမြင့်နှင့် တာဝန်ရှိသူများအား မှာကြားပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က တိုက်နယ်ဆေးရုံဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် မိုင်းငေါ့–မိုးမိတ်လမ်းအတိုင်းထွက်ခွာ၍ ကျောက်မဲမြို့နယ်လမ်းအပိုင်း မိုင်တိုင်အမှတ်(၇/၀)တွင် လမ်းပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မိုင်တိုင်အမှတ်(၉/၀)သို့ရောက်ရှိကြရာ ဒေသခံပလောင်အမျိုးသား ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပန်းဖွားအကအဖွဲ့ဝင်များ၊ ပလောင်အိုးစည်အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကကြိုဆိုကြပြီး အဆိုပါနေရာရှိ ကျောက်မဲ–မိုင်းငေါ့–မိုးမိတ်လမ်း တိုးတက်ပြုပြင်ခြင်း ရှင်းလင်းဆောင်၌ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းက ကျောက်မဲမြို့နယ်လမ်းအပိုင်း ၁၄ မိုင်နှင့် မိုးမိတ်မြို့နယ်လမ်းအပိုင်း ၃၈မိုင်ကို ပြုပြင်ဆောင်ရွက်နေမှု အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဒေသဝမ်းစာဖူလုံရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ဆောင်ရွက်လျက်ရှိသည်များ ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နမ့်ဆန်မြို့နယ် နမ့်တွေကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပလောင်တိုင်းရင်းသား ဦးကျော်နွယ်က ကျေးရွာ၏ တည်နေရာ၊ လူဦးရေ၊ အိမ်ခြေအရေအတွက်၊ အဓိက စိုက်ပျိုးသည့်သီးနှံများ၊ ပညာရေးနှင့် ကျန်းမာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လိုအပ်သည်များကို မှာကြားညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာစေရန်အတွက် ဘက်စုံထောင့်စုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် ပဓာနကျသည့် လိုအပ်ချက်ပင်ဖြစ်ကြောင်း။

မိုးမိတ်မြို့နယ်မှ ကျောက်မဲနှင့် နမ့်ဆန်မြို့နယ်များသို့ သွားလာရာတွင် အတိုဆုံးလမ်းဖြစ်သည့် မိုင်းငေါ့– မိုးမိတ် ကားလမ်းမှာ ယိုယွင်းပျက်စီးလျက်ရှိရာ တိုင်းရင်းသားညီအစ်ကိုများ ရာသီမရွေးသွားလာနိုင်သော ကားလမ်းအဖြစ် စီမံဖောက်လုပ်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရှေးဦးစွာ အမာခံလမ်းအဖြစ် ပြုပြင်ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ လမ်းဖောက်လုပ်ပြီးစီးပါက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်လာနိုင်ပြီး ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးဘဝလည်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း။

ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လမ်းဖောက်လုပ်ရာတွင် သတ်မှတ်ချိန်အမီ ပြီးစီးရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ လိုအပ်သောလမ်းအမှတ်အသားများ ပြည့်ပြည့်စုံစုံစိုက်ထူထားရှိရေးတို့ကို အထူးဂရုပြုဆောင်ရွက်သွားကြရန်တိုက်တွန်းလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ရေရရှိရေးအလှူငွေပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက နမ့်တွေကျေးရွာ သောက်သုံးရေရရှိရေးအတွက် အလှူငွေများကို နမ့်တွေကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းက နမ့်တွေကျေးရွာ သောက်သုံးရေရရှိရေးအတွက် အလှူငွေများကိုပေးအပ်ပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တို့အား ဒေသထွက်လက်ဆောင်များကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် မိုင်းငေါ့–မိုးမိတ်လမ်းအပိုင်း မိုင်တိုင်အမှတ်(၉/၀)ရှိ မြေသားလမ်းပြုပြင်ဆောင်ရွက်မှု၊ လမ်းချိုးကွေ့မှုများသောနေရာ၌ စက်ယန္တရားများဖြင့် လမ်းသားချဲ့ထွင်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ဒေသခံလမ်းအလုပ်သမားများအား ဂုဏ်ပြုငွေများချီးမြှင့်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် ဒေသခံပလောင်တိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး မိုင်းငေါ့–မိုးမိတ်လမ်းအတိုင်း ပြန်လည်ထွက်ခွာလာကြသည်။

မိုင်းငေါ့–မိုးမိတ်လမ်းသည် ကျောက်မဲမြို့နယ်အပိုင်းမှ ၁၄မိုင်ရှိပြီး မိုးမိတ်မြို့နယ်အပိုင်းမှ ၃၈မိုင်ရှိကာ စုစုပေါင်းလမ်းအရှည်မှာ ၅၂မိုင်ဖြစ်သည်။

အဆိုပါလမ်းမှာ ယခင်ကနယ်မြေအခြေအနေအရ ပြုပြင်မှုနှင့်သွားလာမှုနည်းပါး၍ လမ်းမှာယိုယွင်းပျက်စီးခဲ့သည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှမ်းပြည်နယ်(မြောက်ပိုင်း)က တာဝန်ယူ ပြုပြင်ဖောက်လုပ်လျက်ရှိရာ မိုးမိတ်မြို့နယ်မှ ကျောက်မဲမြို့နယ်နှင့် နမ့်ဆန်မြို့နယ်များသို့လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်းများသို့လည်းကောင်း ခရီးအတိုဆုံးဖြင့် လွယ်ကူစွာသွားလာနိုင်ကြမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် ညနေ ၅နာရီတွင် ကျောက်မဲမြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် တပ်နယ်ခန်းမ၌ နယ်မြေခံတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေး၊ မိမိခြံဝင်းအတွင်း ရာသီသီးနှံနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးရေး၊ သက်သာချောင်ချိရေး၊ ပညာရေးနှင့်ကျန်းမာရေးကိစ္စရပ်များနှင့်တပ်တည်ဆောက်ရေးလုပ်ငန်း တာဝန်ကြီးလေးရပ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားကာ တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် ညနေ ၆နာရီတွင် ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ဆွေးနွေးမှာကြားသည်။

အစီအစဉ်အရ ကျောက်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်က မြို့နယ်ဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက ခရိုင်ဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ ခရိုင်စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးချစ်ဖေက စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထား၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်ကြီးထူထောင်လျက်ရှိကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု သတ်မှတ်ကာ နိုင်ငံတော် တစ်ဝန်းလုံး ကွက်လပ်မကျန်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ⇨

ကြည့်ရှု စစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ကြက်မောက်တောင်ဆည် ရေကူစီမံကိန်းဖြစ်သည့် တောင်ရေချောင်း ရေလှောင်တမံ စီမံကိန်း၏ ကုန်းကြောဖြတ် တူးမြောင်းဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှု စစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

➪ စာမျက်နှာ ၁၁ မှ

မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စနစ်တကျအစီအမံများချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ချမှတ်ကာ တိုင်းရင်းသားပြည်သူများ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် တာဝန်ရှိသူများသည် ပြည်နယ်နှင့် တိုင်း နယ်မြေဒေသ အသီးသီးသို့ သွားရောက်ကြပြီး ဒေသလိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်လျက်ရှိသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုတိုးတက်ခိုင်မာလာကာ ဒေသခံပြည်သူများသည်လည်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှု အသီးအပွင့်များကို ရရှိခံစားကြရပြီဖြစ်ကြောင်း။

စိတ်စေတနာအပြည့်

နိုင်ငံတော်အကြီးအကဲအနေဖြင့် ယခုကဲ့သို့ ပြည်နယ်၊ တိုင်း နယ်မြေဒေသ အသီးသီးသို့ ကွက်ပြည့် ကွင်းဆင်း ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းသည် ရေပေါ်ဆီလုပ်ငန်းမျိုးမဟုတ်ဘဲ၊ အမိနိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်သာယာဝပြောပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ခိုင်မာသော စည်းလုံးညီညွတ်မှုရှိသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် စိတ်စေတနာအပြည့်အဝဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဒေသခံဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထားကာ နိုင်ငံချစ်စိတ်၊တာဝန်သိစိတ်ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်ကြရန် လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသဝမ်းစာဖူလုံရေး၊ နိုင်ငံတော်က ချမှတ်ပေးထားသည့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီကျော်လွန်အောင်စိုက်ပျိုးကြရေး၊ မျိုးကောင်းမျိုးသန့်အသုံးပြုပြီး စိုက်နည်းစနစ်မှန်ကန်၍ ခေတ်မီသိပ္ပံနည်းစနစ်များနှင့်အညီ စိုက်ပျိုးရေးအတွက်ဒေသခံတောင်သူလယ်သမားများအား အသိပညာပေး စည်းရုံးဆောင်ရွက်ရေး၊ သွင်းအားစုများအပြည့်အဝအသုံးပြုရေး၊ ဓာတ်မြေဩဇာကို သတ်မှတ်အချိုးနှင့်အညီ အပြည့်အဝထည့်သွင်းစိုက်ပျိုးရေး၊ စက်မှုစွမ်းအားကို ၇၀ ရာခိုင်နှုန်းအထိ အသုံးပြုရေးတို့ကို အထူးအလေးထားပြီး ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ဌာနဆိုင်ရာများနှင့် ပရိသတ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုလေ့လာ

ထို့နောက် ကျောက်မဲခရိုင်စိုက်ပျိုးရေးနှင့် ကြီးကြပ်မှုကော်မတီဝင်များနှင့် ဌာနဆိုင်ရာများသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က စမ်းသပ်စိုက်ပျိုးထားသည့် စပါးစေ့တစ်စေ့တည်းမှ အောင်နှံ ၁၂၀ဖြစ်ထွန်းနေသည့် ဆင်းရွှေလီ အထူးအထွက်တိုးစပ်မျိုးစပါးအဖိုမြုံထိန်း(B)လိုင်းနှင့် အစေ့တစ်စေ့တည်းမှ အောင်နှံ ၅၀ ဖြစ်ထွန်းနေသည့် ဆင်းရွှေလီ အထူးအထွက်တိုးစပ်မျိုးစပါး အဖိုလိုင်း(R)တို့ကို ကြည့်ရှုလေ့လာကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်၌ ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း မိုးစပါးဆင်းရွှေလီ အထူးအထွက်ကောင်းစပါး ၂၅၀၇၁ ဧကနှင့် ဆင်းရတနာစပါးဧက ၂၀၀ တို့ကို စိုက်ပျိုးခဲ့သည်။

၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း ကျောက်မဲခရိုင်အနေဖြင့် မိုးစပါးဆင်းရွှေလီနှင့် ဆင်းရတနာ ယာစပါးစိုက်ပျိုးမည့် အခြေအနေမှာ ကျောက်မဲမြို့နယ်၌ ၃၄၈၇၂ဧက၊ သီပေါမြို့နယ်၌ ၄၅၆၇၃ဧက၊ နောင်ချိုမြို့နယ်၌ ၃၁၀၈၁ဧက၊ နမ္မတူမြို့နယ်၌ ၉၂၆၅ဧက၊ နမ့်ဆန်မြို့နယ်၌ ၂၆၂၇ဧက၊ မိုးမိတ်မြို့နယ်၌ ၁၅၄၃၂ဧက၊ မဘိမ်းမြို့နယ်၌ ဧက၁၂၇၅၀နှင့် မန်တုံမြို့နယ်၌ ၈၇၉၂ဧက အပါအဝင် စုစုပေါင်း ၁၆၀၄၉၂ဧကစိုက်ပျိုးမည်ဖြစ်ပြီး သီပေါမြို့နယ်နှင့် ကျောက်မဲမြို့နယ်များ၌ စပ်မျိုးစပါး ထုတ်လုပ်မှုကို ဧက ၃၀ စီဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာရာ ကျောက်မဲမြို့သို့ ရောက်ရှိရပ်နားကြသည်။ (သတင်းစဉ်)

ကြက်မောက်တောင်ဆည် ရေကူပေးမည့် ကျောက်တံခါးရေလှောင်တမံနှင့် တောင်ရေချောင်း ရေလှောင်တမံတည်ဆောက်မှု ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်စစ်ဆေး

ရန်ကုန် ဇွန် ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးတွင်ရှိသော ဇော်ဂျီမြစ်၏ ရေစီးရေလာကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ခံများက ဇော်ဂျီမြစ်မှ စိုက်ပျိုးရေရယူနေကြသော ဆည်ငယ်များ၊ ရေသောက်ဧရိယာများကို မြေပုံကားချပ်များနှင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ကင်းရွာပတ်ဝန်းကျင်ရှိ ဇော်ဂျီမြစ်ပေါ်၌ တည်ဆောက်မည့် ရေလှောင်တမံပြုလုပ်နိုင်သည့် နေရာအား ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဇော်ဂျီမြစ်၏ နွေ၊ မိုး၊ ဆောင်းရာသီကာလများ၏ ရေစီးဝင်မှု၊ ကျူးဆက် အခြေအနေများကို ရှင်းလင်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ဇော်ဂျီမြစ်ဘေးဝဲယာရှိ ပင်မတမံ ဆက်စပ်နိုင်မည့် နဂါးမောက်တောင်နှင့် ကျီးကန်းတောင်တို့၏ အနေအထားကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်ရှိ လွန်ကျော် ဝါသုတေသနနှင့် မျိုးသန့်ခြံသို့ ရောက်ရှိရာ ခြံမန်နေဂျာက ဝါမျိုးအလိုက် မိုးကြို၊မိုးနှောင်း ဝါသုတေသနလုပ်ငန်း ဆောင်ရွက်မှုနှင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်မှုတို့ကိုရှင်းလင်းတင်ပြရာမြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသိမ်းဌေးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ခြံဝန်ထမ်းများအား မိမိတို့တာဝန်ယူထမ်းဆောင်နေကြသော လုပ်ငန်းများ အောင်မြင်ရေး၊ မျိုးသန့်ဝါမျိုးစေ့များ ထုတ်လုပ်ရေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့နယ်ရှိ မုန်တိုင်ဆည်ကန် ရေပြည့်ဝင်မှု၊ ရေထုတ်ပြွန်မှ ရေပေးမှု ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးရာ ထိန်းသိမ်းရေးတာဝန်ခံများက မုန်တိုင်ဆည်မှ မိတ္ထီလာကန်၊ ညောင်ရမ်းမင်းလှကန်နှင့် စမုန်ရေလှောင်တမံများသို့ ရေပေးမှု၊ မိုးစပါးအချိန်စော၍ စိုက်ပျိုးနိုင်ရန် ဆည်ရေသောက်ဒေသများသို့ ရေပေးမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးသည် မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးကျေးရွာအနီး၌ ကျောက်တံခါးချောင်းနှင့် တောင်ဦးချောင်းပေါ်တွင် တည်ဆောက်နေသော ကျောက်တံခါး ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြသည်။

စီမံကိန်းရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၇)ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရေလှောင်တမံ တည်ဆောက်မှုအပိုင်းမှ ပင်မတမံလုပ်ငန်း ရေထုတ်ပြွန်အမှတ်(၁)နှင့် ရေထုတ်ပြွန်အမှတ်(၂) ရေထိန်းမျှော်စင်များ၊ ရေပိုလွှဲပြီးစီးမှု၊ ကြက်မောက်တောင်ဆည်သို့ ရေကူချပေးမည့် ဆက်သွယ်တူးမြောင်း ဖောက်လုပ်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးသည် လုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးရေး၊ သေသပ်ခိုင်ခံ့ရေး မှာကြားပြီး ကျောက်တံခါးချောင်းအားပိတ်ရန် တမံအောက်ခြေပိုင်းပြုလုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဝန်ကြီးသည်မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်တဲကျေးရွာအနီး တောင်ရေချောင်းပေါ်တွင် တည်ဆောက်နေသော တောင်ရေချောင်း ရေလှောင်တမံ စီမံကိန်း၏ ကုန်းကြောဖြတ်တူးမြောင်း ဖောက်လုပ်ပြီးစီးမှု အဝင်နှင့်အထွက်ပိုင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာကျေးရွာအနီးတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် တောင်သူများ ပူးပေါင်း၍ မျိုးသန့်စပါးများ ပွားများစိုက်ခင်းမှ ညော့မထ စောစပါးများ၊ မျိုးသန့်ပွားများမှု၊ စိုက်ခင်းဖြစ်ထွန်းမှုကို ကြည့်ရှုရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးထွန်းသန်းက မျိုးသန့်များ ဒေသအလိုက် ပွားများပေးရန်၊ မျိုးသန့်ထုတ်လုပ်သည့် ကျေးရွာများတည်ထောင်၍ မျိုးသန့်ပွားစိုက်ခင်းများပြုလုပ်မှု ဤဒေသတွင် ဧက ၆၀၀ နှင့် မန္တလေးတိုင်း အနေဖြင့် မျိုးသန့်ပွားဧကတစ်သောင်းကိုပြုလုပ်၍ မျိုးသန့်ပွားများမှုကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးသည် မျိုးသန့်ပွား တောင်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး မျိုးသန့်ပွား စပါးစိုက်ခင်းများတွင် မျိုးကွဲ ပယ်နုတ်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

အာဆီယံရေဒီယို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

ရန်ကုန် ဇွန် ၁၆

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရေဒီယို အစီအစဉ်မှ ASEAN in Action စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အကြောင်း သိကောင်းစရာများကို အပတ်စဉ် (စနေနေ့) နံနက် ၉နာရီ၄၅မိနစ်တွင် အသံလွှင့်လျက်ရှိသည်။

လစဉ် ပြုလုပ်လျက်ရှိသော ASEAN Radio Quiz ပြိုင်ပွဲများမှ ဇွန်လအတွက်ပြိုင်ပွဲကို ဇူလိုင်၂ရက် နံနက်၁၀နာရီတွင် ပြုလုပ်မည်ဖြစ်၍ ဖြေဆိုလိုသူများသည် နံနက်၉နာရီခွဲ အရောက်မြန်မာ့အသံသို့ လာရောက်သတင်းပို့ကြရန်ဖြစ်သည်။

စိတ်ပါဝင်စားသူ မည်သူမဆို ပညာအရည်အချင်း၊ အသက်အရွယ် ကန့်သတ်ချက်မရှိ ဝင်ရောက်ဖြေဆိုနိုင်ကြောင်းနှင့် ထိုက်တန်သော ဆုကြေးနှင့် စရိတ် ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

စပိန်နှင့်ဂရိတို့ တစ်မှတ်စီခွဲယူ အကြိတ်အနယ်ကစားပြီး တစ်ဂိုးစီသရေကျ

ရန်ကုန် ဇွန် ၁၆

ဥရောပဖလား ဘောလုံးပြိုင်ပွဲ (ယူရို-၂၀၀၄) အုပ်စု(က)မှ စပိန်နှင့်ဂရိအသင်းတို့၏ ပြိုင်ပွဲကို ပေါ်တူဂီနိုင်ငံတွင် ယနေ့ည ၁၀နာရီခွဲက ကျင်းပရာ အကြိတ်အနယ်ကစားပြီး တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

စပိန်အသင်းအတွက် ဂိုးကို ပထမပိုင်း ၂၈ မိနစ်တွင် မိုရီယန်းတက်စ် (နံပါတ်-၁၀)က သွင်းယူခဲ့ပြီး ဂရိအသင်း၏ ချေပဂိုးကို ဒုတိယပိုင်း ၆၆မိနစ်တွင် စတီးရပ်စ် (နံပါတ်-၉)က ပြန်လည် သွင်းယူခဲ့သည်။

စပိန်အသင်းနှင့် ဂရိအသင်းတို့သည် နှစ်ပွဲပေါင်း ၄ မှတ်စီဖြင့် အမှတ်တူဖြစ်နေကာ အုပ်စုတက်ရန် နီးစပ်နေပြီ ဖြစ်သည်။

စပိန်အသင်းသည် ဇွန် ၂၁ ရက် နံနက် ၁နာရီ ၁၅ မိနစ်တွင် ပေါ်တူဂီအသင်းနှင့်လည်းကောင်း၊ ဂရိအသင်းသည် ယင်းအချိန်တွင်ပင် ရုရှားအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (ကြေးမုံ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၆-၆-၂၀၀၄)

မော်လမြိုင်	-	၁၈ ဒသမ ၉၄ လက်မ
ရေး	-	၉ ဒသမ ၇၆ လက်မ
ဘားအံ	-	၇ ဒသမ ၅၂ လက်မ
ကော့သောင်း	-	၇ ဒသမ ၄၈ လက်မ
ဗိ	-	၆ ဒသမ ၃၈ လက်မ
ကိုကိုးကျွန်း	-	၄ ဒသမ ၆၅ လက်မ
ထားဝယ်	-	၄ ဒသမ ၅၇ လက်မ
သထုံ	-	၄ ဒသမ ၃၃ လက်မ

စီးပွားဖြစ်သစ်ခွစိုက်ပျိုးနည်း သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းကကြီးမှူးဖွင့်လှစ်မည့်စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်း သင်တန်းအမှတ်စဉ်(၁/၂၀၀၄)ကို ၂၀၀၄ခုနှစ် ဇူလိုင် ၂၀ရက်မှ ၃၀ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ သင်တန်းသား၊သင်တန်းသူ ၅၀ဦးဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ်အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ကျပ် ၅၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၆၀၀၀ သတ်မှတ်ထားပြီး တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိအသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်သည်။ (၄၅)

ဆန်းကြယ်သောကောင်းမှုအကျိုး စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၆

လူငယ်အကျိုးပြု ပညာပေးစာပေများ ရေးသားထုတ်ဝေနေကျစာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၏ဆန်းကြယ်သောကောင်းမှုအကျိုးစာအုပ်ကို ရွှေဟင်္သာစာပေ အမှတ်(၂၆၃) ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း-၇၀၉၁၉၁မှ ပုံနှိပ်ထုတ်ဝေလိုက်သည်။

စာအုပ်တွင် လူငယ်တို့အသိပညာရနိုင်စရာ၊ ဗဟုသုတ ရနိုင်ဖွယ်ရာ အချက်အလက်မျိုးစုံတို့ကို စာရေးသူက အခန်းကဏ္ဍစုံလင်စွာဖြင့် ပြုစုထားပြီးရွှေဟင်္သာစာပေနှင့် မင်းမဟာစာပေ ဖုန်း-၀၉-၈၀-၃၂၅၃၀ တို့မှ ဖြန့်ချိလိုက်ခြင်းဖြစ်သည်။

လူငယ်များအတွက်သာမက လူကြီးများအတွက်ပါ လေ့လာဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်၍ ရောင်းဈေးကျပ် ၄၅၀ဖြင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။

(က-ပ)

ပဏာမမြန်မာ့လက်ရွေးစင်နှစ်သင်း ခြေစမ်း အနီရောင်က အဖြူရောင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်

ရန်ကုန် ဇွန် ၁၆

နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများအတွက် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသော ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ယနေ့ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ အနီရောင်အသင်းနှင့် အဖြူရောင်အသင်း နှစ်သင်းခွဲ၍ ခြေစမ်းကစားကြရာ အနီရောင်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အနီရောင်အသင်း - သုံးဂိုး။
(မျိုးမင်းထွန်း၊ ဘိုဘိုအောင်နှင့် ချစ်ကိုကို-တစ်ဂိုးစီ)
အဖြူရောင်အသင်း - နှစ်ဂိုး။
[မာလနှင့် ထွန်းထွန်းဝင်း (ပိုင်နယ်တီ)]
ဒိုင်လူကြီး - ဦးထွန်းဝေ။

ခြေစမ်းပွဲ ဖြစ်သော်လည်း နှစ်သင်းစလုံး မခိုမကတ် ကစားကြ၍ ပွဲမှာ မြန်ဆန်သွက်လက်ခဲ့သည်။ အဖြူရောင်အသင်းသည် ပွဲချိန် ၇၅မိနစ်အထိ နှစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနေသော်လည်း အနီရောင်အသင်းက ၁၅မိနစ်အတွင်း ချေပဂိုးနှစ်ဂိုးနှင့် အနိုင်ဂိုးတို့ကို သွင်းယူလိုက်၍ အနီရောင်အသင်း အနိုင်ရသွားခြင်းဖြစ်သည်။

ဆုချီးမြှင့်

ပွဲအပြီးတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ခေတ္တ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ကိုက အနိုင်ရရှိသော အနီရောင်အသင်းအား ဆုကြေး ကျပ်ခုနစ်သောင်း၊ အဖြူရောင်အသင်းအား ဆုကြေး ကျပ်လေးသောင်း ပေးအပ်ချီးမြှင့်သည်။

ပဏာမ မြန်မာ့လက်ရွေးစင်အသင်းသည် ယနေ့ပွဲ၌ ကစားသမား ၂၈ဦးကို Line-up ၌ ထည့်ထားပြီး ၂၆ယောက်သာ ကစားသွားသည်။ စိုးမြတ်မင်း၊ အောင်အောင်ဦး(ဂိုး)၊ မင်းသူ၊ ကျော်သူရ၊ ထွန်းမင်းနိုင်၊ အောင်ထွန်းနိုင်၊ ဇော်ဇော်နှင့် စန်းမောင်တို့ ရှစ်ဦးမှာ အရန်စာရင်း၌ပင် မပါဝင်ခဲ့ပေ။

အနီရောင်အသင်းတွင် ဂိုး-ကိုကိုအောင်၊ နောက်တန်း-စိုးလင်းထွန်း၊ ဇော်ထက်အောင်၊ အောင်ထွန်းလင်း၊ အောင်ဟိန်းလတ်၊ အလယ်တန်း-ချစ်ကိုကို၊ မောင်မောင်မြင့်(လွင်ဦး)၊ မျိုးမင်းထွန်း၊ ဘိုဘိုအောင်၊ ရန်ပိုင်၊ ရှေ့တန်းတွင် ထွန်းမင်းဦးတို့ ပါဝင်ကစားသွားပြီး အဖြူရောင်အသင်းတွင် ဂိုး-ကျော်မင်းလှိုင် (သိန်းဇော်ထိုက်)၊ နောက်တန်း - ဟန်ဝင်းအောင်၊ ဌေးအောင်၊ ကျော်ခိုင်ဝင်း၊ အောင်ဇော်မျိုး၊ ကျော်ကျော်လင်း၊ အလယ်တန်း-ထွန်းထွန်းဝင်း၊ မောင်မောင်အောင်၊ ကျော်ဇင်ဝင်း၊ မာလ (အောင်ကျော်မိုး)၊ ရှေ့တန်းတွင် ဇော်ထိုက်နှင့် ဆန်းဒေးသိန်းတို့ ပါဝင်ကစားသွားသည်။

ဒုတိယ ခြေစမ်းပွဲကို ဇွန် ၁၈ရက်၌ အောင်ဆန်း အားကစားပြိုင်ကွင်းတွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။

(ကြေးမုံ)

ဆွစ်ဇာလန်မှ

ကစားပုံ၊ ကစားဟန်နှင့်တကွ ကစားကွက်တို့သည် တိုးတက်ပြောင်းလဲပုံကို မြင်တွေ့ရသည်။ ကစားပုံ သွက်လက်မြန်ဆန်မှုနှင့် ကစားအားတို့ လျော့ကျမသွားခြင်းတို့မှာလည်း အင်္ဂလန်အသင်း၏ တိုးတက်လာမှုလက္ခဏာပင် ဖြစ်သည်။ နောက်တန်းနှင့် အလယ်တန်းတို့၏ အရည်အသွေးသည် အခြားအသင်းကြီးများနှင့် ယှဉ်နိုင်သည်။ ရှေ့တန်းမှာမူ ထိပ်တန်းအဆင့်သို့ မရောက်သေးပေ။ မည်သို့ပင်ဖြစ်စေ အင်္ဂလန်သည် အခြားဥရောပထိပ်တန်းအသင်းများစာရင်းတွင် ဂုဏ်ရည်တူရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။

ဖာဒီနန်နေရာတွင် အစားထိုးဝင်ရောက်လာသော စပါးမှ လက်ဒလေကင်းသည် အားကိုးရသော နောက်တန်းကစားသမားတစ်ဦး ဖြစ်သည်။ ကစားသမားကောင်းကို ရှာဖွေတတ်သော နည်းပြဆရာ အဲရစ်ဆန်၏ အရည်အသွေးဟု ဆိုရမည်ဖြစ်သည်။ အင်္ဂလန်၏ ကွင်းလယ်တည်ဆောက်ပုံမှာလည်း ကောင်းသည်။ ဘက်ဟမ်း၊ ပေါလ်စခိုးလ်၊ ဂျရတ်၊ လမ်းပတ်တို့ ဖြစ်သည်။ ကစားအားကောင်းသော အိုဝင်ဟာဂရေ့(ဗ်)နှင့် ကီယွန်ဒိုင်ယာတို့လည်း အရန်ခုံပေါ်တွင် ကျန်သေးသည်။

ပိုင်နယ်တီအပေးခံရသော ဂိုးသမားဆီ ဘောလုံးပြန်ပေးချက်မှလွဲ၍ ဂျရတ် ကစားပုံကောင်းသည်။ လမ်းပတ်နှင့်တွဲ၍ ကွင်းလယ်တစ်ခုလုံးကို မွှေနှောက်ကစားသည်။ ပြင်သစ်အလယ်တန်းမှ ဝါရင့်ကစားသမားကြီးများပင် အတင်းလိုက်ထိန်းကြရသည်။

ယူရို-၂၀၀၄ အုပ်စု(ဃ) ဒုတိယပွဲစဉ်အဖြစ် ဂျာမနီနှင့် ဟော်လန်တို့ ဇွန် ၁၅ရက်က ယှဉ်ပြိုင်ကစားကြရာ ဂျာမနီအသင်းအတွက် အလွတ်တည်ကန်ဘောမှ ဂိုးသွင်းပေးခဲ့သူ ဖရင်းစ်(နံပါတ်-၂၂)အား ဘန်းရှနိုက်ဒါ (နံပါတ်-၁၉)က ဖက်လဲတကင်း ဂုဏ်ပြုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယူရို-၂၀၀၄ အုပ်စု(ဃ) ဒုတိယပွဲစဉ် ဂျာမနီနှင့် ဟော်လန်အသင်းတို့ ဇွန် ၁၅ရက်က ယှဉ်ပြိုင်ကစားကြရာ ဂျာမနီတိုက်စစ်မှူး မိုက်ကယ်ဘဲလက် (နံပါတ်-၁၃)၏ ထိုးဖောက်မှုကို ဟော်လန်အသင်းမှ နာမည်ကြီးဘောလုံးသမား အက်ဂါဒေးဗစ် (နံပါတ်-၈)က ဖျက်ထုတ်ရန် ကြိုးပမ်းစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အိုဝင်ကို ဆီဗက်စတာ၊ မက်ခ်လီလီ၊ ဗီယာရာတို့ ဝိုင်းထိန်းထားကြသဖြင့် မလှုပ်နိုင်သော်လည်း ချာတိတ်ကလေး ဝိန်းရူးနီက ဂါးလက်(စ်)၊ သူရမ်တို့ကို ချောက်ချားစေသည်။ ပြင်သစ်နောက်တန်းမှ ဂါးလက်(စ်)ဆိုလျှင် အမောပင်ဖောက်နေသည်။ အင်္ဂလန်ရှေ့တန်းသည် ပြင်သစ်၊ အီတလီ စသည့် အသင်းကြီးများ၏ နောက်တန်းကို ဖောက်ထွက်နိုင်ဖို့ အရည်အသွေးမရှိသော်လည်း အခြားအသင်းမှ နောက်တန်းများကို ကောင်းစွာ ဖြတ်ကျော်နိုင်လိမ့်မည်။

ဆွစ်ဇာလန်၏ နောက်တန်းသည် အင်္ဂလန်ရှေ့တန်းနှင့် ကွင်းလယ်ကို ထိန်းချုပ်နိုင်ဖို့ မလွယ်ချေ။ အင်္ဂလန် တိုက်စစ်မှူးများသည် အထနှေးသော ဆွစ်နောက်တန်းကို သက်သောင့်သက်သာ ဖြတ်ကျော်ပြီး ဂိုးသွင်းနိုင်သည်။ ဆွစ်၏ ကွင်းလယ်တွင် ဟာကန်ယာကင်၊ ဂျိုဟန်ဗိုဂယ်တို့သာ ရှိသည်။ အင်္ဂလန်အလယ်တန်းကို ယှဉ်နိုင်သော အလယ်တန်းမဟုတ်ချေ။ ရှေ့တန်းတွင် ချာပူဘက်နှင့် ဗရိုင်းသည် ပြင်သစ်မှ ဟင်နရီ၊ ထရေဇီဂေးတို့ကိုမမီ။ ထို့ကြောင့် အင်္ဂလန်နောက်တန်းက ကောင်းစွာထိန်းနိုင်မည်။

ယခုပွဲတွင် အင်္ဂလန်သည် ပြင်သစ်နှင့်ကစားသကဲ့သို့ ဖြတ်တင်ဘောများ မတင်တော့ဘဲ ကွင်းလယ်ကို စိုးမိုးကစားသွားဖွယ်ရှိသည်။ ဆွစ်ဇာလန်က သူ့မူအတိုင်း ကန်တင်ပြေးလိမ့်မည်။ ဆွစ်ဇာလန်နှင့် အင်္ဂလန်ကို လူအား၊ ကစားကွက်၊ ကစားအား ယှဉ်ကြည့်ရာ အင်္ဂလန်ကသာသည်။ ပြင်သစ်နှင့်ကစားသည့်ပုံစံအတိုင်း ထွက်လာခဲ့မည်ဆိုလျှင် အင်္ဂလန် ကျိန်းသေပေါက် အနိုင်ရမည်ဖြစ်သည်။

ဇွန်(၁၈)ရက်

သောကြာ
နံနက် ၁း၁၅ နာရီ
ခရိုအေးရှား-ပြင်သစ်

ခရိုအေးရှားကစားပုံသည် ဆွစ်ဇာလန်နှင့်ပွဲတွင် စိတ်ပျက်စရာကောင်းသည်။ ၁၀ယောက်တည်းကျန်သော ဆွစ်ဇာလန်အသင်းကိုပင် နိုင်အောင်မကစားနိုင်သော ခြေစွမ်းမှာ ဘယ်သို့ရှိသည်ကို ပရိသတ်များ စဉ်းစားကြည့်လျှင် သိနိုင်သည်။ ခရိုအေးရှား ကစားပုံမှာကြမ်းသည်။ အတင်းဝင် အတင်းတိုက်ပြီး ပြိုင်ဘက်ကစားကွက်ကို ဖျက်ဆီးပစ်သည့်နည်းဖြစ်သည်။ ဘောလုံးထက် လူကိုပို၍ အာရုံစိုက်သောအသင်း ဖြစ်သည်။

ခရိုအေးရှား၏ ကွင်းလယ်မှ နီကိုကိုမက်၊ ဂျီလီကာ၊ မော်နာတို့သည် အကောင်းဆုံး လှုပ်ရှားကစားနိုင်သည်။ ရှေ့တန်းမှ ပါဆို၊ ဆိုကိုတာ၊ ကွင်းလယ်မှ နီကိုကိုမက်တို့သည် ပြိုင်ဘက်ကို ထိုးဖောက်ကစားသည့် အတွဲများဖြစ်ကြသည်။ ခရိုအေးရှားသည် တိုက်စစ်ကို ဘယ်ညာတို့မှ ထိုးဖောက်ကစားတတ်သလို တစ်ခါတစ်ရံ ကွင်းလယ်တည့်တည့်မှ တိုက်စစ်ဆင်သည်။

သို့သော် ခရိုအေးရှား၏ ကစားပုံသည် ၁၉၉၈ ကမ္ဘာ့ဖလားနှင့် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားခြေရည်ကို မမီကြောင်း တွေ့ရသည်။ ၎င်းခြေရည်မျိုးဖြင့် ပြင်သစ်အသင်းကို ယှဉ်ကစားရန် မလွယ်ကူချေ။ ပြင်သစ်ခြေစွမ်းနှင့် ကစားအားတို့သည် ပြိုင်ပွဲဝင်အသင်းများ၌ အကောင်းဆုံးအနေအထားတွင် ရှိသည်။ နောက်တန်း၊ အလယ်တန်းနှင့် ရှေ့တန်းတို့မှာ ကမ္ဘာ့ထိပ်တန်းကစားသမားများ ပါဝင်ကြသည်။ သူတို့သည် အသက်အရွယ်ကြီးကြသော်လည်း အခြားပြိုင်ဘက်လူငယ်များနှင့် နင်လားငါလား အပြိုင်ကစားနိုင်ကြသေးသည်။

ပြင်သစ်၏ ဗျူဟာသည် ကွင်းလယ်ကို ချုပ်ကိုင်လွှမ်းမိုးထားပြီး ပြိုင်ဘက်အသင်းကို မွှေနှောက်ကစားခြင်းဖြစ်သည်။ အင်္ဂလန်နှင့်ပွဲ ဒုတိယပိုင်း၌ ပြင်သစ်၏ ထိုးဖောက်ကစားချက်သည် အလွန်ကောင်းသည်။ ပြိုင်ဘက်အသင်းသည် ခံစစ်ကို ကျစ်လျစ်သိပ်သည်းစွာ ကစားနေပါက အပြင်ဘက်သို့ရအောင် ဆွဲထုတ်တတ်ပြီး ထိုးဖောက်ကစားသည်။

ဆွစ်နှင့်ကစားသော ခရိုအေးရှား ခြေရည်မျိုးဆိုလျှင် ပြင်သစ်သည် အလွယ်တကူနှင့် အနိုင်ရနိုင်သည်။ သို့သော် ခရိုအေးရှား၏ခြေရည်မှာ အစွမ်းကုန်မဟုတ်သေးသည်ကို သတိပြုရပေမည်။ ခရိုအေးရှားနောက်တန်းသည် ပြင်သစ်မှ ဟင်နရီ၊ ထရေဇီဂေးတို့ကို ထိန်းနိုင်သည့် အခြေအနေတွင်မရှိ။

ကွာတားဖိုင်နယ်ကို သက်သောင့်သက်သာ ရောက်ရှိရေးအတွက် ပြင်သစ်သည် ခရိုအေးရှားနှင့်ပွဲ အနိုင်ရအောင် ကစားသွားဖွယ်ရှိသည်။ အနည်းဆုံး သရေကျအောင် ကစားလိမ့်မည်။ သို့ဖြစ်၍ ပြင်သစ်သည် ယခုပွဲကို ဘယ်လိုပုံစံဖြင့် ကစားမလဲဆိုတာကို စောင့်ကြည့်ကြရဦးမည်ဖြစ်သည်။ ။

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇွန် ၁၆

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ သက်ကြီးပူဇော်ခြင်း၊ နှစ်ပတ်လည် အစည်းအဝေးကျင်းပခြင်းနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တရဠသာရ (အဂ္ဂမဟာပဏ္ဍိတ)၊ ဆရာတော် ဘဒ္ဒန္တဥတ္တရ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)နှင့် တပ်မတော်နေ့အထိမ်းအမှတ် အနုပညာကဗျာ စာပေဆုရ ဘဒ္ဒန္တဝေပုလ္လ (ဂဏဝါစက) စာရေးဆရာ မောင်ဘုန်းဝေ(တောင်ကုတ်)တို့အား ချီးကျူးဂုဏ်ပြုခြင်း မင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၅ရက်တွင် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

(က-ပ)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၃)ဖြန့်ချိ

ရန်ကုန် ဇွန် ၁၆

မြန်မာလုပ်သားများ ဂျပန်တွင် သင်တန်းတက်ပြီး လက်တွေ့လုပ်ငန်းခွင် အတွေ့အကြုံရမည်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ဂျပန်အဖွဲ့အစည်းတစ်ခု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၊ မြိတ်ကျွန်းစုရှိ ကျွန်းလေးကျွန်းတွင် အပန်းဖြေစခန်း တည်ဆောက်မည်၊ အာဆီယံ ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌတာဝန်မှ လွှဲပြောင်း မြန်မာ ဦးပြုံးမောင်မောင်မှ စင်ကာပူ မစ္စတာ ဖရက်ဒီလမ်းသို့၊ မြန်မာနိုင်ငံတွင် အကြီးဆုံး မီးခံအုတ်စက်ရုံ တည်ဆောက်မည် စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

